ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားမြေအသုံးချမှုမူဝါဒ

ဇန်နဝါရီလ ၂၀၁၆

# National Land Use Policy

January 2016

**The Republic of the Union of Myanmar**

# အမျိုးသားမြေအသုံးချမှုမူဝါဒ

ဇန်နဝါရီလ ၂၀၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

| Sr. | Content | | Page |
|---|---|---|---|
| | **Foreword** | | |
| 1. | **Introduction** | | 1-2 |
| 2. | **Part - 2** | **Objectives and Principles** | |
| | | **Chapter-1**<br>Objectives | 3 |
| | | **Chapter-2**<br>Guiding Principles | 4 |
| | | **Chapter-3**<br>Basic Principles | 4-6 |
| 3. | **Part - 2** | **Land Use Administration** | |
| | | **Chapter-1**<br>Formation of the National Land Use Council | 7-9 |
| | | **Chapter-2**<br>Determination of Land Types and Land Classifications | 10 |
| | | **Chapter-3**<br>Land Information Management | 11-13 |
| 4. | **Part - 3** | **Planning and Changing Land Use** | |
| | | **Chapter-1**<br>Planning and Drawing Land Use Map | 14-16 |
| | | **Chapter-2**<br>Zoning and Changing Land Use | 16-18 |
| | | **Chapter-3**<br>Changing Land Use by Individual Application | 19-20 |
| 5. | **Part - 4** | **Grants and Leases of Land at the Disposal of Government** | 21-23 |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ဥယျောဇဉ် | | |
| ၁။ | နိဒါန်း | | ၁-၂ |
| ၂။ | အပိုင်း(၁) | ရည်ရွယ်ချက်၊ လမ်းညွှန်မှုများနှင့် အခြေခံမှုများ | |
| | | **အခန်း(၁)**<br>ရည်ရွယ်ချက်များ | ၃ |
| | | **အခန်း(၂)**<br>လမ်းညွှန်မှုများ | ၄ |
| | | **အခန်း(၃)**<br>အခြေခံမှုများ | ၄-၆ |
| ၃။ | အပိုင်း(၂) | မြေအသုံးချမှု စီမံခန့်ခွဲခြင်း | |
| | | **အခန်း(၁)**<br>အမျိုးသားမြေအသုံးချမှုကောင်စီဖွဲ့စည်းခြင်း | ၇-၉ |
| | | **အခန်း(၂)**<br>မြေအမျိုးအစားနှင့် မြေအတန်းအစားများသတ်မှတ်ခြင်း | ၁၀ |
| | | **အခန်း(၃)**<br>မြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက် စီမံခန့်ခွဲခြင်း | ၁၁-၁၃ |
| ၄။ | အပိုင်း(၃) | စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်း | |
| | | **အခန်း(၁)**<br>စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှု<br>မြေပုံရေးဆွဲခြင်း | ၁၄-၁၆ |
| | | **အခန်း(၂)**<br>ဇုန်များသတ်မှတ်ခြင်းနှင့် မြေအသုံးချမှု<br>ပြောင်းလဲခြင်း | ၁၆-၁၈ |
| | | **အခန်း(၃)**<br>တစ်သီးပုဂ္ဂလ လျှောက်ထား၍ မြေအသုံးချမှုပြောင်းလဲခြင်း | ၁၉-၂၀ |
| ၅။ | အပိုင်း(၄) | အစိုးရက စီခန့်ခွဲပိုင်ခွင့်ရှိသော မြေများကို လုပ်ပိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်း | ၂၁-၂၃ |

| Sr. | | Content | Page |
|---|---|---|---|
| 6. | Part - 5 | **Procedures related to Land Acquisition, Relocation, Compensation, Rehabilitation and Restitution** | 24-25 |
| 7. | Part - 6 | **Land Dispute Resolution and Appeal** | |
| | | **Chapter-1** Land Disputes Resolution | 26-27 |
| | | **Chapter-2** Appeal | 28 |
| 8. | Part - 7 | **Assessment and Collection of Land Tax, Land Transfer Fee and Stamp Duties** | 29-33 |
| 9. | Part - 8 | **Land Use Rights of the Ethnic Nationalities** | 34-36 |
| 10. | Part - 9 | **Equal Rights of Men and Women** | 37 |
| 11. | Part - 10 | **Harmonization of Laws and Enacting New Law** | 38 |
| 12. | Part - 11 | **Monitoring and Evaluation** | 39-41 |
| 13. | Part - 12 | **Research and Development** | 42-44 |
| 14. | Part -13 | **Miscellaneous** | 45 |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၆။ | **အပိုင်း(၅)** | **မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း နှင့် ပြန်လည်အစားထိုးဖြည့်ဆည်းပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** | ၂၄-၂၅ |
| ၇။ | **အပိုင်း(၆)** | **မြေနှင့်သက်ဆိုင်သည့် ငြင်းပွားမှုများဖြေရှင်းဆုံးဖြတ်ခြင်းနှင့် အယူခံခြင်း** | |
| | | **အခန်း(၁)**<br>မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းဆုံးဖြတ်ခြင်း | ၂၆-၂၇ |
| | | **အခန်း(၂)**<br>အယူခံခြင်း | ၂၈ |
| ၈။ | **အပိုင်း(၇)** | **မြေနှင့်ဆက်စပ်သည့် အခွန်အခများ စည်းကြပ် ၃၀-၃၄ ကောက်ခံခြင်း၊ မြေလွှဲပြောင်းခနှင့် ထိုက်သင့် သော တံဆိပ်ခေါင်းခွန်ကိစ္စရပ်များ** | ၂၉-၃၃ |
| ၉။ | **အပိုင်း(၈)** | **တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှု အခွင့်အရေးများ** | ၃၄-၃၆ |
| ၁၀။ | **အပိုင်း(၉)** | **အမျိုးသား၊ အမျိုးသမီးများ၏ တန်းတူညီမျှ ၃၈-၃၉ အခွင့်အရေးများ** | ၃၇ |
| ၁၁။ | **အပိုင်း(၁၀)** | **ဥပဒေများ သဟဇာတဖြစ်စေခြင်းနှင့် ဥပဒေသစ် ၄၀ ပြဋ္ဌာန်းခြင်း** | ၃၈ |
| ၁၂။ | **အပိုင်း၁၁)** | **စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု** | ၃၉-၄၁ |
| ၁၃။ | **အပိုင်း(၁၂)** | **သုတေသနပြုခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း** | ၄၂-၄၄ |
| ၁၄။ | **အပိုင်း(၁၃)** | **အထွေထွေ** | ၄၅ |

# Foreword

(1) National land resource management shall be taken into consideration not only for the present but also for the future in order to enhance people's food security, water resource development, improvement of transportation, economic and business development, and protection of environment and cultural heritage.

(2) In land resource administration, it is important to develop and apply correct and complete policy, reliable legal framework and competent land management systems that are resulted from analysis of economical, political, legal and social aspects of the country.

(3) National land use policy is associated with conservation, utilization and allocation of land resources and defined as the official notification of a government's objectives and plans. In the policy, it shall be clearly described land related benefits, political choice and forms in relation to allocation of authorities, and user rights of land and related natural resources that exist between the government and original land owners i.e. people of the country.

(4) National land use policy is normally laid down with various objectives including land ownership and tenure security, equitable allocation, productivity for investment, sustainable environmental conservation, and enjoyment of natural beauty.

# ဥယျောဇဉ်

(၁) ပြည်သူလူထုတစ်ရပ်လုံး၏ စားနပ်ရိက္ခာဖူလုံမှု၊ ရေအရင်းအမြစ်ကြွယ်ဝမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ မြို့ပြနှင့် လူမှုပတ်ဝန်းကျင်အေးချမ်းသာယာမှု၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမှုတို့အတွက် နိုင်ငံအဝန်းရှိ မြေအရင်းအမြစ်များကို မျက်မှောက်ကာလအတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက်ပါ ထည့်သွင်းစဉ်းစား စီမံခန့်ခွဲဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

(၂) မြေအရင်းအမြစ်စီမံခန့်ခွဲရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လူမှုရေးရှုထောင့်စုံမှသုံးသပ်ပြီး မှန်ကန်ပြည့်စုံသည့် မူဝါဒ၊ ခိုင်မာသည့်ဥပဒေမူဘောင်နှင့် စွမ်းရည်ရှိသည့် မြေစီမံအုပ်ချုပ်ရေးစနစ်များကို ချမှတ်ကျင့်သုံးအကောင်အထည်ဖော်ရန် လွန်စွာအရေးကြီးလှပေသည်။

(၃) မြေအသုံးချမှုမူဝါဒဆိုသည်မှာ မြေအရင်းအမြစ်များထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းနှင့် ခွဲဝေနေရာချထားခြင်းကိစ္စရပ်များနှင့်ပတ်သက်ပြီး အစိုးရတစ်ရပ်၏ ရည်ရွယ်ချက်များနှင့် အစီအမံများကို တရားဝင်ဖော်ထုတ်ကြေညာချက်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ၎င်းမူဝါဒတွင် အစိုးရနှင့် မြေအရင်းအမြစ်များ၏ မူလပိုင်ရှင်ပြည်သူများအကြား မြေနှင့်သက်ဆိုင်သော အကျိုးစီးပွားနှင့် အခွင့်အာဏာခွဲဝေမှုများနှင့်စပ်လျဉ်းသည့် နိုင်ငံရေးရွေးချယ်မှုနည်းလမ်းနှင့် ပုံစံများ၊ မြေနှင့်ဆက်စပ်သည့် သယံဇာတအရင်းအမြစ်များ အသုံးပြုခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြရပါသည်။

(၄) မြေအသုံးချမှုမူဝါဒကို မြေပိုင်ဆိုင်လုပ်ကိုင်ခွင့် လုံခြုံစိတ်ချအာမခံနိုင်မှု၊ မျှတစွာခွဲဝေခံစားမှု၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ထုတ်လုပ်နိုင်စွမ်းရှိမှု၊ ရေရှည်တည်တံ့ခိုင်မြဲသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ အမျိုးသားရေးလက္ခဏာမပျောက်ပျက်ရေး ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းနိုင်မှု၊ သဘာဝအလှအပများကို ရသမြောက်ခံစားနိုင်မှုများ ရရှိစေရန်ရည်ရွယ်ချက်များဖြင့် ချမှတ်ရမည်ဖြစ်ပါသည်။

(5) In the implementation of land use policy, it is required to have systematic land management system in order to approve, record and distribute land ownership, land tenure, land value and land use information. Some of currently used land resource laws and administration are over hundred year old. It shall be reviewed in order to ensure that they are in line with current situations; possessing ability to carry out public benefits and equality.

(6) The Government of the Republic of Union of Myanmar formed the National Land Resource Management Central Committee with an objective to systematically manage and utilize national land resources.

(7) The Central Committee has laid down the following (3) future actions:

a. To formulate sustainable land resource related basic principles in all inclusive manner which will be basic foundation for the future perspective;
b. To develop an umbrella land law that can be practically used to resolve and resource related issues, with the participation and collaborate on of all stakeholders;
c. To implement land management reform pilot projects in order to immediately achieve people centered development outcomes.

(၅) မြေအသုံးချမှုမူဝါဒအရ မြေပိုင်ဆိုင်မှု၊ လုပ်ပိုင်ခွင့်၊ မြေတန်ဖိုးနှင့် မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်များကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် ဖြန့်ဝေခြင်းတို့အတွက် စနစ်ကျသည့် မြေယာအုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ပါသည်။ လက်ရှိကျင့်သုံးလျက်ရှိသည့်မြေအရင်းအမြစ်ဥပဒေများနှင့် စီမံခန့်ခွဲမှုအချို့သည် သက်တမ်းအားဖြင့် နှစ်တစ်ရာကျော်ရှိခဲ့ပြီဖြစ်ပါသည်။ ယနေ့ခေတ်၏ အခြေအနေများနှင့် ကိုက်ညီဆီလျော်မှု၊ လူထုအကျိုးစီးပွားသယ်ပိုးနိုင်မှု၊ တရားမျှတမှုရှုထောင့်များမှ အလေးထားဆန်းစစ်ရန်လိုအပ်ပါသည်။

(၆) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ မြေအရင်းအမြစ်သယံဇာတများကို စနစ်တကျ စီမံခန့်ခွဲအသုံးချရေး ဆောင်ရွက်ရာမှာ ပိုမိုထိရောက်မှုရှိစေရန်ရည်ရွယ်ပြီး အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

(၇) ဗဟိုကော်မတီသည် အောက်ပါပဏာမရှေ့လုပ်ငန်းစဉ်(၃)ရပ်ကို ချမှတ်ခဲ့ပါသည်။

က။ ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ်ဖြစ်တည်စေမည့် မြေအရင်းအမြစ်ဆိုင်ရာအခြေခံမူများကို အများပါဝင်မှုဖြင့်ချမှတ်ရန်၊

ခ။ မြေအရင်းအမြစ်မူဝါဒဆိုင်ရာ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် လက်တွေ့ကျသော ထီးရိပ်ဥပဒေတစ်ရပ်ပေါ်ထွက်လာရေးအတွက် သက်ဆိုင်သူများအား လုံးပေါင်းစပ်ညှိနှိုင်းရေးဆွဲရန်၊

ဂ။ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များ လက်ငင်းရရှိနိုင်ရေး မြေယာစီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး ရှေ့ပြေးစမ်းသပ်စီမံချက်များကို အကောင်အထည်ဖော်သွားရန်။

(8) In order to fulfill the mandate that is to develop and implement national land use policy, the National Land Use Policy has been successfully developed with the active participation of Union Ministries and organizations, UN and international organizations, civil society organizations (CSOs), NGOs, and other stakeholders including rural communities. There are various suggestions and recommendations received from local, national and international expert individual and groups during the 8 months consultation process. The internal and external experts reviewed and incorporated them in the draft policy in the expert roundtable process and national workshop.

(9) The Central Committee sincerely express its gratitude to members of National Land Resource Management Central Committee, Land Use Policy Review Working Committee chair and members, responsible officials from the Ministry of Environmental Conservation and Forestry as focal agency, the internal and external experts, retired persons, European Union (EU), US Agency for International Development (USAID), Swiss Agency for Development and Cooperation (SDC) and The Land Core Group (LCG) and Civil Society Organizations, and all stakeholders who provided feedback and suggestions in the consultation meetings held in Nay Pyi Taw and all States and Regions.

**National Land Resource Management Central Committee**

**January, 2016**

**Nay Pyi Taw**

(၈) အမျိုးသားမြေအသုံးချမှုမူဝါဒ (National Land Use Policy) ရေးဆွဲချမှတ်နိုင်ရေးအတွက် မြေယာစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ လူထုလူတန်းစား အသီးသီးကျေးလက်ပြည်သူများအားလုံးပါဝင်မှုဖြင့် အမျိုးသားမြေအသုံးချမှုမူဝါဒကို အောင်မြင်စွာရေးဆွဲပြုစုခဲ့ပါသည်။ (၈)လကြာ ဆောင်ရွက်ခဲ့သောအကြံပြု ဆွေးနွေးသည့် လုပ်ငန်းစဉ်မှအကြံပြုချက်အမျိုးမျိုးကို လက်ခံရရှိခဲ့ပါသည်။ ဌာနတွင်းနှင့် ပြင်ပကျွမ်းကျင်သူများကကျွမ်းကျင်သူစားပွဲဝိုင်းဆွေးနွေးပွဲများ၊ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲနှင့် မူဝါဒမူကြမ်းသုံးသပ်ပြင်ဆင်ရေးအစည်းအဝေးများတွင် ထိုအကြံပြုချက်များကိုအသုံးပြု၍ မူဝါဒမူကြမ်းကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ကြပါသည်။

(၉) အမျိုးသားမြေအသုံးချမှုမူဝါဒတစ်ရပ် ပေါ်ထွန်းလာရေးအတွက် စိတ်အားထက်သန်စွာဖြင့်ပါဝင်ဆောင်ရွက်ပေးခဲ့သော အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေး ဗဟိုကော်မတီဝင်များ၊ မြေအသုံးချမှုမူဝါဒသုံးသပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Local Ministry အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ အငြိမ်းစားအရာရှိကြီးများ၊ မူဝါဒရေးဆွဲပြုစုရာတွင် ကျွမ်းကျင်မှုနှင့် ရံပုံငွေအကူအညီများပေးခဲ့သော ဥရောပသမဂ္ဂအဖွဲ့(EU)၊ အမေရိကန်နိုင်ငံ တကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (US Agency for International Development-USAID)၊ ဆွစ်ဇာလန်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(Swiss Agency for Development and Cooperation-SDC)၊ (Land Core Group - LCG)နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ကျင်းပခဲ့သည့် လူထုတွေ့ဆုံဆွေးနွေးပွဲများတွင်အကြံပြုဆွေးနွေးခဲ့သော လူထုလူတန်းစားအသီးသီးမှ ပုဂ္ဂိုလ်များအားလုံးကို ဗဟိုကော်မတီမှလှိုက်လှဲစွာ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီ
ဇန်နဝါရီလ၊ ၂၀၁၆ခုနှစ်
နေပြည်တော်

# The National Land Use Policy

## Introduction

(1) Myanmar is a country where the various kinds of ethnic nationalities are residing collectively and widely in 7 Regions, 7 States and Union Territory. The country is located in Southeast Asia and is important geographically, economically and politically in the region.

(2) Moreover, Myanmar is a country that has rich natural resources and environment, including valuable forests, fertile planes, natural gas and mineral deposits, long coastline, mountain ranges, and rivers such as the Ayeyarwaddy, Chindwin, Thanlwin, Sittaung, which are the lifeblood of the country.

(3) The land resources shall be managed, administered and used, with special attention, by adopting long-term objectives for the livelihood improvement of the citizens and sustainable development of the country. When the land resources are systematically used and well managed, the more it will be possible to fulfill the basic needs of the citizens, develop the social and economic life of the people, and develop the country harmoniously.

# အမျိုးသားမြေအသုံးချမှု မူဝါဒ

## နိဒါန်း

(၁) မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ တိုင်းဒေသကြီး၇ခု၊ ပြည်နယ်၇ခုနှင့် ပြည်ထောင်စုနယ်မြေတို့တွင် ပြန့်နှံ့နေထိုင်လျက်ရှိသည်။ နိုင်ငံတော်သည် အရှေ့တောင်အာရှတွင် တည်ရှိပြီး ပထဝီအနေအထား အရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်းအချက်အချာကျသည့် နိုင်ငံဖြစ်ပါသည်။

(၂) ထို့ပြင် မြန်မာနိုင်ငံသည် အဖိုးတန်သစ်တောကြီးများ၊ မြေဆီသြဇာကြွယ်ဝသည့်မြေပြန့်လွင်ပြင်များ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုသိုက်များ၊ ရှည်းလျားသည့် ပင်လယ်ကမ်းရိုးတန်း၊ တောင်စဉ်တောင်တန်းများနှင့် နိုင်ငံ၏အသက်သွေးကြောဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့်မြစ်ကြီးများအပါအဝင် သဘာဝအရင်းအမြစ် အခြေခံကောင်းများနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။

(၃) မြေသယံဇာတများသည် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်ရည်မှန်းချက်ချမှတ်ပြီး အထူးအလေးထား စီမံအုပ်ချုပ်အသုံးချရမည့် အရင်းအမြစ်များ ဖြစ်ပါသည်။ မြေအရင်းအမြစ်များကို စနစ်တကျအသုံးချစီမံခန့်ခွဲနိုင်သည်နှင့်အမျှ ပြည်သူတို့၏အခြေခံလိုအပ်ချက်များ ပြည့်ဝလာစေရန်၊ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရန် ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(4) Under section 37 of the Constitution of the Republic of the Union of Myanmar, it is provided that the Union is the ultimate owner of all lands in the Union, shall enact necessary law to supervise extraction and utilization of State-owned natural resources by economic forces; shall permit citizens right of private property, right of inheritance, right of private initiative and patent in accord with the law. According to such provision, the President of the Union also guided on 19th June, 2012 to adopt a necessary, strong and precise policy for the sustainable management, administration and use of the land resources of the country, as such, "the National Land Use Policy "has been developed.

(5) This National Land Use Policy aims to implement, manage and carry out land use and tenure rights in the country systematically and successfully, including both urban and rural areas, in accordance with the objectives of the Policy and shall be the guide for the development and enactment of a National Land Law, including harmonization and implementation of the existing laws related to land, and issues to be decided by all relevant departments and organizations relating to land use and tenure rights.

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇တွင် နိုင်ငံတော်သည် နိုင်ငံတော်အတွင်းရှိ မြေအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟုလည်းကောင်း၊ နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် ဥပဒေပြဋ္ဌာန်းရမည်ဟုလည်းကောင်း၊ နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတက ၂၀၁၂ခုနှစ်၊ ဇွန်လ၁၉ရက်နေ့တွင် လိုအပ်နေသော ခိုင်မာတိကျသည့် မူဝါဒတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန် လမ်းညွှန်ခဲ့သဖြင့် “အမျိုးသားမြေအသုံးချမှု မူဝါဒ”ကို ရေးဆွဲပြုစုခြင်းဖြစ်ပါသည်။

(၅) ဤ အမျိုးသားမြေအသုံးချမှုမူဝါဒသည် မြို့ပြ၊ ကျေးလက်များအပါအဝင် နိုင်ငံတော်အတွင်းရှိ မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့်များကို မူဝါဒပါရည်ရွယ်ချက်များနှင့်အညီ စနစ်တကျအောင်မြင်စွာ အကောင်အထည်ဖော်စီမံဆောင်ရွက်နိုင်ရန်ဦးတည်ပြီး မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၏ ညီညွတ်မျှတမှု၊ ယင်းဥပဒေများကို အကောင်အထည်ဖော်မှု အပါအဝင် အမျိုးသားမြေဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက်လည်းကောင်း၊ မြေအသုံးချမှု သို့မဟုတ် မြေလုပ်ပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးက အဆုံးအဖြတ်ပေးရမည့် ကိစ္စရပ်များအတွက်လည်းကောင်း၊ လမ်းညွှန်ဖြစ်စေရမည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# Part ( I )
# Objectives and Principles

## Chapter ( I )

## Objectives

(6) The objectives of the National Land Use Policy are as follows:

a. To promote sustainable land use management and protection of cultural heritage areas, environment, and natural resources for the interest of all people in the country;

b. To strengthen land tenure security for the livelihoods improvem ent and food security of all people in both urban and rural areas of the country;

c. To recognize and protect customary land tenure rights and procedures of the ethnic nationalities;

d. To develop transparent, fair, affordable and independent dispute resolution mechanisms in accordance with rule of law;

e. To promote people centered development, participatory decision making, responsible investment in land resources and accountable land use administration in order to support the equitable economic development of the country;

f. To develop a National Land Law in order to implement the above objectives of National Land Use Policy.

# အပိုင်း-၁
# ရည်ရွယ်ချက်၊ လမ်းညွှန်မှုများနှင့် အခြေခံမှုများ

## အခန်း(၁)

### ရည်ရွယ်ချက်များ

(၆) အမျိုးသားမြေအသုံးချမှု မူဝါဒ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

က။ နိုင်ငံတော်ရှိ ပြည်သူအားလုံး၏အကျိုးစီးပွားအလို့ငှာ ရေရှည်တည်တံ့စေမည့် မြေအသုံးချမှုစီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်။

ခ။ နိုင်ငံတော်၏ မြို့ပြနှင့်ကျေးလက်နေ ပြည်သူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စားနပ်ရိက္ခာဖူလုံရေးတို့အတွက်လည်းကောင်း မြေလုပ်ပိုင်ခွင့်ခိုင်မာစေရန်။

ဂ။ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြုပြီး အကာအကွယ်ပေးရန်။

ဃ။ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများကို တရားဥပဒေစိုးမိုးရေးအတွက် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ ငွေကြေးအကုန်အကျသက်သာမှုနှင့် လွတ်လပ်မှုရှိသော ဖြေရှင်းဆုံးဖြတ်သည့် လုပ်ငန်းစဉ်များထူထောင်ရန်။

င။ နိုင်ငံတော်၏ စီးပွားရေးညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု၊ အများပြည်သူပါဝင်ဆုံးဖြတ်မှု၊ မြေအရင်းအမြစ်အားအခြေခံသောတာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် မြေအသုံးချမှု စီမံခန့်ခွဲမှုတို့ဖွံ့ဖြိုးတိုးတက်စေရန်။

စ။ အထက်ပါ အမျိုးသားမြေအသုံးချမှုမူဝါဒ ရည်ရွယ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေကို ပြဋ္ဌာန်းရန်။

## Chapter ( II )

## Guiding Principles

(7) The guiding principles of the national land use policy are as follows:

a. To enhance sustainable land use in development and implementation of policies and legal frameworks related to land and natural resource management;

b. To ensure transparency, responsibility and accountability in land and natural resource governance;

c. To promote people's participation and collaboration particularly ethnic nationalities, women and smallholder farmers in decision making related to land and natural resource management;

d. To recognize and protect private and communal property rights of citizens as included in the constitution;

e. To make effort promoting appropriate international good practices in land and natural resource governance.

## Chapter ( III )

## Basic Principles

(8) The basic principles of the National Land Use Policy are as follows:

a. To legally recognize and protect legitimate land tenure rights of people, as recognized by the local community, with particular attention to vulnerable groups such as smallholder farmers, the poor, ethnic nationalities and women;

## အခန်း(၂)

### လမ်းညွှန်မှုများ

(၇) အမျိုးသားမြေအသုံးချမှု မူဝါဒ၏ လမ်းညွှန်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

က။ မြေနှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ မူဝါဒနှင့်ဥပဒေများကို ရေးဆွဲ အကောင်အထည်ဖော်ရာတွင် ရေရှည်တည်တံ့သည့် မြေအသုံးချမှု ပိုမိုကောင်းမွန်စေရန်၊

ခ။ မြေနှင့် သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုခိုင်မာစေရန်၊

ဂ။ မြေနှင့် သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်မှုဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရာတွင် ပြည်သူများ အထူးသဖြင့်တိုင်းရင်းသားလူမျိုးများ အမျိုးသမီးများနှင့် လုပ်ကွက်ငယ်တောင်သူလယ်သမားတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန်၊

ဃ။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ကိုယ်ပိုင်လုပ်ကိုင်ခွင့်နှင့် စုပေါင်းလုပ်ကိုင်ခွင့်များကို အသိအမှတ်ပြုကာကွယ်ပေးရန်၊

င။ နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် သင့်လျော်သော မြေနှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ အကောင်းဆုံးစီမံအုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။

## အခန်း(၃)

### အခြေခံမူများ

(၈) အမျိုးသားမြေအသုံးချမှု မူဝါဒ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

က။ ပြည်သူများ အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၊ ဆင်းရဲသားများ၊ တိုင်းရင်းသားလူမျိုးများနှင့် အမျိုးသမီးများ၏မြေလုပ်ပိုင်ခွင့်ကို ဒေသခံအဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့်အပေါ် ဥပဒေအရအသိအမှတ်ပြုပြီး အကာအကွယ်ပေးရန်၊

b. To strengthen rule of law and good governance, including simplifying procedures, ensuring transparency, and increasing accountability and responsibility;

c. To promote effective land information management, including easy public access to information;

d. To adopt international best practices such as voluntary guidelines on the responsible governance of tenure of land, fisheries and forests in the context of national food security and human rights standards;

e. To promote inclusive public participation and consultation in decision making processes related to land use and land resource management;

f. To promote effective market based solutions, such as formal recognition of land tenure rights or use of new tax mechanisms, to address land management issues such as discouraging land speculation;

g. To review and revise the National Land Use Policy to meet changing socioeconomic needs of the country as necessary;

h. To develop and implement fair procedures relating to land acquisition, compensation, relocation, rehabilitation, restitution, and reclaiming land tenure and housing rights of internal displaced persons and returning refugees caused by civil war, land confiscation, natural disasters and other causes;

i. To ensure easy access to judicial review or other dispute resolution mechanisms that are independent, fair, transparent and affordable;

ခ။ လုပ်ထုံးလုပ်နည်းများ၏ ရှင်းလင်းလွယ်ကူခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တိုးတက်ဖြစ်ထွန်းခြင်းတို့ ပါဝင်စေခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တို့ကို မြှင့်တင်ရန်၊

ဂ။ ပြည်သူများက သတင်းအချက်အလက်များကို အလွယ်တကူရယူသုံးစွဲရေး၊ အပါအဝင် ထိရောက်သောမြေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်စေရန်၊

ဃ။ အမျိုးသားစားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ မြေယာ၊ သားငါး၊ သစ်တောတို့နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များစီမံခန့်ခွဲရာတွင် လိုက်နာသင့်သည့် လမ်းညွှန်ချက်များအပါအဝင် နိုင်ငံတကာတွင်ကျင့်သုံးသည့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးစံများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန်၊

င။ မြေအသုံးချမှုနှင့် မြေအရင်းအမြစ်များ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချမှတ်ဆောင်ရွက်ရာတွင် ပြည်သူများ ပိုမိုပါဝင်ဆွေးနွေးခွင့်ပြုရန်၊

စ။ မြေဈေးကစားမှုအပါအဝင် မြေစီမံခန့်ခွဲရာတွင် ကြုံတွေ့ရသောကိစ္စရပ်များကို ဖြေရှင်းရာ၌ မြေလုပ်ပိုင်ခွင့်အသိအမှတ်ပြုခြင်း၊ ထိရောက်သောမြေခွန်ကောက်ခံမှုနည်းလမ်းသစ်များကဲ့သို့သော ဈေးကွက်ကိုအခြေခံသည့် နည်းလမ်းများကိုထိရောက်စွာအသုံးပြုရန်၊

ဆ။ အမျိုးသားမြေအသုံးချမှုမူဝါဒကို ပြောင်းလဲလျက်ရှိသော နိုင်ငံတော်၏ လူမှုစီးပွားရေး အခြေအနေလိုအပ်ချက်များအရ လိုအပ်သလို ပြန်လည်သုံးသပ်ပြင်ဆင်ရန်၊

ဇ။ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်အစားထိုးဖြည့်ဆည်းပေးခြင်းနှင့် စစ်ဘေးစစ်ဒဏ်များကြောင့်ဖြစ်စေ၊ မတရားသိမ်းဆည်းခံရခြင်းကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိနေထိုင်လုပ်ကိုင်သောမြေကို စွန့်ခွာသွားရသူများနှင့် ဌာနေကိုပြန်လာသူများ၏ တရားမျှတသော လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန်၊

ဈ။ တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်ချက်များ သို့မဟုတ် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ငွေကြေးအကုန်အကျသက်သာသည့် မြေနှင့်သက်ဆိုင်သော အခြားအငြင်းပွားမှုများဖြေရှင်းရေး လုပ်ငန်းစဉ်များကို အလွယ်တကူရယူအသုံးပြုနိုင်ရန်၊

j. To prioritize the interest of public citizens over private companies in land use decision making;

k. To ensure equal opportunities for men and women over land resources, tenure rights and participatory decision making;

l. To permit freedom of crop selection and adoption of cultivation technologies in a way that will not negatively affect the environment;

m. To develop law and procedures for addressing the issues of landlessness and affordable housing;

n. To decentralize decision making related to land;

o. To strictly and transparently enforce contracts related to land in compliance to the law;

p. To address the impacts of climate change and natural disasters.

ည။ မြေအသုံးချမှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အများပြည်သူ၏အကျိုးစီးပွားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့၏အကျိုးစီးပွားတို့ ယှဉ်ပြိုင်လာပါကအများပြည်သူ၏အကျိုးစီးပွားကို ဦးစားပေးရန်၊

ဋ။ မြေအရင်းအမြစ်များ၊ မြေလုပ်ပိုင်ခွင့်များနှင့် ဆုံးဖြတ်ချက်များ ပူးပေါင်းပါဝင်ချမှတ်ရာတွင် အမျိုးသားနှင့်အမျိုးသမီးများအား တန်းတူညီမျှ အခွင့်အရေးပေးရန်၊

ဌ။ သီးနှံစိုက်ပျိုးရေးနည်းပညာ ရွေးချယ်အသုံးပြုရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေသည့်နည်းလမ်းများဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုရန်၊

ဍ။ အိမ်ရာမဲ့များနှင့် မြေမဲ့ယာမဲ့ပြည်သူများအား အိမ်ရာနှင့် မြေခွဲဝေအသုံးပြုခွင့်ပေးနိုင်ရေးအတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းရန်၊

ဎ။ မြေနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရန်၊

ဏ။ မြေနှင့်သက်ဆိုင်သည့် သဘောတူစာချုပ်များကို ဥပဒေနှင့်အညီ တိကျပွင့်လင်းစွာ အကောင်အထည်ဖော်ရေးဆောင်ရွက်ရန်၊

တ။ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်တို့၏ သက်ရောက်မှုများကို လျှော့ချနိုင်ရေးဆောင်ရွက်ရန်။

# PART (II)
# LAND USE ADMINISTRATION

## Chapter ( I )

## Formation of the National Land Use Council

(9) The Union Government:

a. Shall establish the National Land Use Council for the implementation of the National Land Use Policy and related laws, and determine its roles and responsibilities;

b. In establishing the National Land Use Council, it shall comprise a Vice-President assigned by the President of the Union as the Chairman, the relevant Union Ministers and Chief Ministers of the Regions or States as members, and a person elected and assigned by the members as the Secretary;

c. May form the necessary work committees to support the roles and responsibilities of the National Land Use Council;

d. Shall form a technical advisory body that includes representatives from different stakeholders groups, such as farmer associations, ethnic nationalities, civil society, academia, private sector and others.

# အပိုင်း-၂
# မြေအသုံးချမှု စီမံခန့်ခွဲခြင်း

## အခန်း(၁)

### အမျိုးသားမြေအသုံးချမှုကောင်စီဖွဲ့စည်းခြင်း

(၉) ပြည်ထောင်စုအစိုးရအဖွဲ့သည် -

က။ အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သောဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်၊

ခ။ အမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းရာတွင် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုသမ္မတတစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များကိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များက ရွေးချယ်တာဝန်ပေးအပ်သော ပုဂ္ဂိုလ်တစ်ဦးကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေရမည်၊

ဂ။ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် လိုအပ်သောလုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်၊

ဃ။ နည်းပညာဆိုင်ရာအကြံပေးအဖွဲ့ကို အကျိုးသက်ဆိုင်သူများဖြစ်သည့် တောင်သူလယ်သမားအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(10) The National Land Use Council:

a. Shall establish Land Use Committee at all Regions or States or Union Territory (Nay Pyi Taw Council), to effectively and uniformly supervise the implementation of the National Land Use Policy in respective locality in the country, and determine its roles and responsibilities;

b. In establishing the Land Use Committee at Region or State level, it shall comprise the Chief Minister as Chairman, Ministers for the Ministries related to land use from Region or State Government, responsible persons from the relevant Region or State level Government departments and organizations, representatives of farmers selected by local associations, representatives from all local ethnic nationalities, experts, women and elders as members, and a person elected and assigned by the members as the Secretary;

c. In establishing the Land Use Committee at Union Territory (Nay Pyi Taw Council), it shall comprise the Chairman of Union Territory (Nay Pyi Taw Council) as Chairman, member of the Union Territory (Nay Pyi Taw Council), responsible persons from the relevant Union Territory (Nay Pyi Taw Council) level Government departments and organizations, representatives of farmers selected by local associations, representatives from all local ethnic nationalities, experts, women and elders as members, and a person elected and assigned by the members as the Secretary.

(၁၀) အမျိုးသားမြေအသုံးချမှုကောင်စီသည် -

က။ အမျိုးသားမြေအသုံးချမှုမူဝါဒကို နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသအလိုက် ထိရောက်စွာကြီးကြပ်နိုင်ရေး အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အားလုံးနှင့် ပြည်ထောင်စုနယ်မြေ (နေ ပြည်တော်ကောင်စီ)တို့တွင် မြေအသုံးချမှုကော်မတီကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန် များကို သတ်မှတ်ပေးရမည်။

ခ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေအသုံးချမှုကော်မတီကို ဖွဲ့စည်းရာတွင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြေအသုံး ချမှုနှင့်သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများမှ ဝန်ကြီး များကိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ သက်ဆိုင် ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ ဒေသခံအဖွဲ့အစည်းများက ရွေးချယ်ပေးသော တောင်သူလယ်သမားကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများ၊ အမျိုး သမီးများနှင့် ရပ်မိရပ်ဖတို့ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေရမည်။ ကော်မတီ အတွင်းရေးမှူးကို ကော်မတီအဖွဲ့ဝင်များက ရွေးချယ်တာဝန်ပေးအပ်ရမည်။

ဂ။ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) မြေအသုံးချမှုကော်မတီကို ဖွဲ့စည်း ရာတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်ကောင်စီ) ဥက္ကဋ္ဌကို ဥက္ကဋ္ဌအဖြစ်လည်း ကောင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်ကောင်စီ) အဖွဲ့ဝင်၊ မြေအသုံးချမှုနှင့် သက်ဆိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံအဖွဲ့အ စည်းများက ရွေးချယ်ပေးသော တောင်သူလယ်သမားကိုယ်စားလှယ်များ၊ဒေသခံတိုင်း ရင်းသားကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများ၊ အမျိုးသမီးများနှင့် ရပ်မိရပ်ဖတို့ကို အဖွဲ့ဝင်အဖြစ်လည်းကောင်းပါဝင်စေရမည်။ ကော်မတီအတွင်းရေးမှူးကို ကော်မတီ အဖွဲ့ဝင်များက ရွေးချယ်တာဝန်ပေးအပ်ရမည်။

(11) The respective Region or State or Union Territory Government (Nay Pyi Taw Council) shall establish the Self-administered Division or Self-administered Zone Land Use Committees and District Land Use Committees, Township Land Use Committees, Village-tract or Ward Land Use Committees with appropriate persons based on the composition in paragraph 10(b), and determine the roles and responsibilities.

(12) The Union Government, National Land Use Council and Region or State or Union Territory Government (Nay Pyi Taw Council) shall, based on the following facts, determine the roles and responsibilities of relevant working committees and various local committees:

a. Coordination, management and information sharing for consistency of the existing land records, maps and registration systems of all relevant Union level ministries and departments;
b. Transparently providing precise and correct land information that the stakeholders need to use when deciding the amount of land area necessary for projects related to national development, environmental conservation, land use planning and investment;
c. Maintaining a system of correct boundary maps, land types and classification, in order to recognize legitimate land use and land tenure rights, reduce land conflicts, and easily resolve any and all land disputes.

(၁၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်ကောင်စီ)သည် အမျိုးသားမြေဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြေအသုံးချမှုကော်မတီနှင့် ခရိုင်မြေအသုံးချမှုကော်မတီများ၊ မြို့နယ်မြေအသုံးချမှု ကော်မတီများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမြေအသုံးချမှုကော်မတီများကို အထက်အပိုဒ်၁၀(ခ)တွင် ဖွဲ့စည်းသည့်အတိုင်းသင့်လျော်သောပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(၁၂) ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားမြေအသုံးချမှုကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ)တို့သည် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ဒေသဆိုင်ရာကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကိုသတ်မှတ်ရာတွင် အောက်ပါအချက်များကို အခြေခံရမည် -

က။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီး၏ တည်ဆဲမြေနှင့် သက်ဆိုင်သည့် မှတ်တမ်းများ၊ မြေပုံများနှင့် မှတ်ပုံတင်စနစ်များကို တစ်ပြေးညီဖြစ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်း၊

ခ။ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ မြေအသုံးချမှုစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မြေအသုံးချမှုနှင့် စပ်လျဉ်း၍ အသုံးချမည့် မြေပမာဏလျာထားဆုံးဖြတ်ရာတွင် တိကျမှန်ကန်သည့် သတင်းအချက်အလက်ကို အကျိုးသက်ဆိုင်သူများအား ပွင့်လင်းမြင်သာစွာသိရှိစေခြင်းနှင့် ယင်းတို့ကိုယ်တိုင် အသုံးပြုခွင့်ရရှိစေခြင်း၊

ဂ။ မြေအသုံးချခြင်း၊ မြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့် အခြားနည်းအသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ တရားဝင်အခွင့်အရေးရရှိစေခြင်း၊ အငြင်းပွားမှုကို လျှော့ချခြင်းနှင့် မည်သည့် မြေအငြင်းပွားမှုကိုမဆို လွယ်ကူစွာဖြေရှင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် တိကျသော ယံနိမိတ်မြေပုံများ ရေးဆွဲခြင်းနှင့် မြေအမျိုးအစားနှင့် မြေအတန်းအစားသတ်မှတ်သည့် စနစ်ထားရှိကျင့်သုံးခြင်း။

# Chapter (II)

## Determination of Land Types and Land Classifications

(13) Based on the following general land types, various land classifications may be determined:

a. Agricultural land (all land used primarily for agriculture production purposes, including growing annual or perennial crops, growing industrial crops, animal husbandry activities, land based aquaculture activities, and any agriculture production focused support facilities, and any agriculture production focused support facilities that are either currently cultivated or follow);

b. Forest land (intended to capture those areas of the country that will be determined to be part of the permanent forest estate);

c. Other land (Urban land, village land, religious land, public land, government administrated vacant, fallow, virgin land and wasteland that are not classified as forestland and agricultural land, etc...).

(14) To determine appropriate land types and land classifications to meet the current needs of the country, the relevant government departments and organizations shall transparently review and amend the existing land types and classifications in accordance with the rule of law, national land use policy and national land law.

# အခန်း(၂)

## မြေအမျိုးအစားနှင့် မြေအတန်းအစားများသတ်မှတ်ခြင်း

(၁၃) အောက်ပါ ယေဘုယျမြေအမျိုးအစားအုပ်စုများကို အခြေခံ၍ မြေအမျိုးအစားနှင့် မြေအတန်းအစားများကို ခွဲခြားသတ်မှတ်နိုင်သည်-

က။ စိုက်ပျိုးမြေ(အခြေခံအားဖြင့် စိုက်ပျိုးထုတ်လုပ်သည့် ရည်ရွယ်ချက်အားလုံးအတွက် လက်ရှိအသုံးပြုနေသည်ဖြစ်စေ၊ အနားပေးထားသည်ဖြစ်စေ၊ ရာသီသီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ မြေအခြေခံရေလုပ်ငန်းများ၊ စိုက်ပျိုးရေးထုတ်လုပ်မှု အထောက်အကူပြု အသုံးပြုစသည့် မြေအသုံးပြုမှုအားလုံးပါဝင်သည်။)

ခ။ သစ်တောမြေ (နိုင်ငံအတွင်း အမြဲတမ်းသစ်တောနယ်မြေအဖြစ် သတ်မှတ်မည့် မြေဧရိယာများကို ထည့်သွင်းရန် ရည်ရွယ်သည်)၊

ဂ။ အခြားမြေ (မြို့မြေ၊ ရွာမြေ၊ သာသနာမြေ၊ အများပိုင်မြေ စသည်တို့အပြင် စိုက်ပျိုးမြေနှင့် သစ်တောမြေအဖြစ် သတ်မှတ်အသုံးပြုခြင်းမရှိသေးသည့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ တောရိုင်းမြေတို့ပါဝင်သည်)။

(၁၄) နိုင်ငံတော်၏ လိုအပ်ချက်နှင့်ကိုက်ညီပြီး သင့်လျော်သည့် မြေအမျိုးအစားနှင့် မြေအတန်းအစားများသတ်မှတ်နိုင်ရန်၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက မိမိတို့၏မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများပါ လက်ရှိမြေအမျိုးအစားများနှင့် မြေအတန်းအစားများကိုတရားဥပဒေစိုးမိုးရေး အနှစ်သာရများ၊ အမျိုးသားမြေအသုံးချမှုမူဝါဒ၊ အမျိုးသားမြေဥပဒေတို့နှင့်အညီ ပွင့်လင်းမြင်သာစွာ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရမည်။

# Chapter (III)

## Land Information Management

(15) Systematically maintaining correct and accurate land cover maps, land records and other land information is fundamental for systematic land use management, land tenure security and urbanrural economic development.

(16) In carrying out land information management:

a. Accurate, complete and updated Information related to land use shall be maintained;

b. Respective government departments, organizations and local representatives must coordinate in drawing maps and registration in order to ensure land tenure security and accurate and complete land information. In order to do mapping and registration, human resources and budget shall be sufficiently provided;

c. Access to accurate, complete and updated land use information is essential for legal decision making related to land acquisition, relocation, transfer of land use rights, change of land use types, and resolving land disputes;

d. All individuals, communities and organizations with the rights to use and manage land must have equal rights to access 10 accurate and complete information related to land use, have secure land tenure rights, land transfer rights and freedom of crop choice;

## အခန်း(၃)

## မြေနှင့်သက်ဆိုင်သည့် သတင်းအချက်စီမံခန့်ခွဲခြင်း

(၁၅) မှန်ကန်တိကျသော မြေကြီးမြေပုံ၊ မြေနှင့်သက်ဆိုင်သည့် မှတ်တမ်းနှင့် သတင်းအချက်အလက်တို့ကို စနစ်တကျစီမံထားရှိခြင်းသည် မြေအသုံးချမှုကို စနစ်တကျစီမံခန့်ခွဲခြင်း၊ မြေလုပ်ပိုင်ခွင့်ခိုင်မာမှုနှင့် မြို့ပြနှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်။

(၁၆) မြေနှင့်သက်ဆိုင်သည့်သတင်းအချက်အလက်စီမံခန့်ခွဲခြင်းပြုရာတွင်-

က။ လက်ရှိအချိန်ထိ ပြည့်စုံလုံလောက်ပြီး တိကျမှန်ကန်သော မြေအသုံးချမှုဆိုင်ရာသတင်းအချက်အလက်များ ထားရှိရမည်။

ခ။ မြေလုပ်ပိုင်ခွင့်ခိုင်မာမှုနှင့် ပြည့်စုံလုံလောက်ပြီး မှန်ကန်တိကျသော မြေအသုံးချမှုဆိုင်ရာသတင်းအချက်အလက်များကို လွယ်ကူစွာရယူသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ဒေသခံကိုယ်စားလှယ်များနှင့် အပြန်အလှန်ညှိနှိုင်း၍ မြေပုံရေးဆွဲခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရန် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာငွေစသည်တို့ကို လုံလောက်စွာ ခွဲဝေချထားပေးရမည်။

ဂ။ လက်ရှိအချိန်ထိ ပြည့်စုံလုံလောက်ပြီး မှန်ကန်တိကျသော မြေအသုံးချမှုဆိုင်ရာသတင်းအချက်အလက်များကို ရယူသုံးစွဲခွင့်ပေးခြင်းနှင့် အသုံးချခြင်းတို့သည်မြေသိမ်းဆည်းခြင်း၊ မြေခွဲဝေချထားခြင်း၊ မြေအသုံးချမှုအခွင့်အရေး လွှဲပြောင်းခြင်း၊ မြေအသုံးချမှုပုံစံပြောင်းလဲခြင်းနှင့် မြေအငြင်းပွားမှုများကို ဥပဒေအရ အဆုံးအဖြတ်ပေးခြင်းတို့အတွက် အခြေခံအချက်အဖြစ် သတ်မှတ်ရမည်။

ဃ။ တစ်သီးပုဂ္ဂလများ၊ ဒေသခံပြည်သူများ၊ ဥပဒေအရဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် မြေအသုံးချခွင့်ရရှိထားသည့် သို့မဟုတ် မြေကို စီမံခန့်ခွဲသည့် အဖွဲ့အစည်းများအားလုံးသည် ပြည့်စုံလုံလောက်ပြီး မှန်ကန်တိကျသော မြေအသုံးချမှုဆိုင်ရာသတင်းအချက်အလက်များကို သိရှိရယူနိုင်သော တန်းတူအခွင့်အရေးကို ရရှိစေပြီး၊ မြေလုပ်ပိုင်ခွင့်၊ မြေလွှဲပြောင်းခွင့်နှင့် လွတ်လပ်စွာ သီးနှံရွေးချယ်အသုံးပြုခွင့်တို့ကိုလည်း ရရှိစေရမည်။

e. Legitimate land tenure rights recognized by the local community, including individual, household, collective and communal, whether or not they have been registered, recorded and mapped, shall be recognized, protected, and registered in accordance with laws;

f. Land tenure registration and transfer procedures shall be modernized, streamlined and simplified in order to make the process more transparent, accountable and affordable.

(17) The following shall be carried out in timely manner to successfully accomplish the preparatory process for issuing land tenure rights and land information management:

a. Establishing transparent, accountable, affordable, clear and easy process to enable recognition and registration of rights for all stakeholders including ethnic nationalities and smallholder farmers, when their rights have not previously been recognized and registered;

b. Legally recognizing and registering legitimate land tenure rights that are recognized by the local community;

c. Updating and transforming land information and maps into appropriate digital formats in order to facilitate sharing and coordination among government departments and organizations, and to enable easy access and use by the public;

d. Obtaining and using high quality satellite images and appropriate technologies, including Geographic Information System (GIS), when comparing actual land use on the ground, and land records including existing land use maps;

e. Checking accurate land use rights records when updating land use maps in timely manner;

င။ မှတ်ပုံတင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ မြေပုံထုတ်ခြင်းတို့ကို ပြုလုပ်ပြီးသည်ဖြစ်စေ၊ မပြုလုပ်ရသေးသည်ဖြစ်စေ၊ ဒေသခံအဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့် ပုဂ္ဂလိက၊ အိမ်ထောင်စု၊ စုပေါင်းလုပ်ကိုင်သူများနှင့် ဒေသခံပြည်သူမြေအသုံးချသူများ၏ မြေလုပ်ပိုင်ခွင့်ကို ဥပဒေနှင့်အညီ အသိအမှတ်ပြုခြင်း၊ ကာကွယ်ခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကို ပြုလုပ်ရမည်။

စ။ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ပိုမို၍ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ကုန်ကျစရိတ်နည်းပါးမှုရှိစေရန် မြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ခေတ်မီ၍ ရှင်းလင်းလွယ်ကူ မြန်ဆန်စေရမည်။

(၁၇) မြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့် မြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်စီမံခန့်ခွဲခြင်းပြုရာတွင် ကြုံတင်ပြင်ဆင်သည့် လုပ်ငန်းစဉ်အောင်မြင်ရန် အောက်ပါတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်-

က။ အသိအမှတ်ပြုခြင်းနှင့် မှတ်ပုံတင်ခြင်း မပြုလုပ်ရသေးသော တိုင်းရင်းသားလူမျိုးများနှင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများအပါအဝင် အကျိုးသက်ဆိုင်သူများအားလုံးတို့ ရထိုက်သည့်အခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ဆောင်ရွက်နိုင်ရန် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ကုန်ကျစရိတ်နည်းပါးမှုနှင့် ရှင်းလင်းလွယ်ကူမှုရှိသည့် လုပ်ငန်းစဉ်တည်ထောင်ခြင်း၊

ခ။ ဒေသခံပြည်သူတို့က အသိအမှတ်ပြုထားသည့် မြေလုပ်ပိုင်ခွင့်အားလုံးကို ဥပဒေနှင့်အညီ တရားဝင်အသိအမှတ်ပြုခြင်းနှင့် မှတ်ပုံတင်ခြင်း၊

ဂ။ အစိုးရဌာန၊ အဖွဲ့အစည်းများအတွင်း မြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များစုစည်းခြင်း၊ မျှဝေခြင်းနှင့် အများပြည်သူတို့ ရယူသုံးစွဲနိုင်ရန် မြေအသုံးချမှုမြေပုံနှင့် မှတ်တမ်းများကို သင့်လျော်သော ဒစ်ဂျစ်တယ်လ်ပုံစံသို့ပြောင်းလဲခြင်း၊

ဃ။ မြေပြင်အမှန် အသုံးချမှု၊ လက်ရှိမြေအသုံးချမှုမြေပုံများအပါအဝင် မြေနှင့်သက်ဆိုင်သည့် မှတ်တမ်းများကိုနှိုင်းယှဉ်ရာတွင် အရည်အသွေးမြင့် ဂြိုလ်တုပုံရိပ်နှင့် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်နည်းပညာအပါအဝင် သင့်လျော်သော နည်းပညာကို ရယူအသုံးပြုခြင်း၊

င။ မြေအသုံးချမှုမြေပုံများ အချိန်နှင့်တစ်ပြေးညီပြင်ဆင်ရာတွင် မှန်ကန်သော မြေအသုံးချမှုအခွင့်အရေးမှတ်တမ်းများနှင့် တိုက်ဆိုင်ဆောင်ရွက်ခြင်း၊

f. Using community consultation and participatory land use mapping methods when approving local land use rights;

g. Including participation of well respected local individuals and associations when conducting a survey of landless people in the villages;

h. Considering the elements above, timely implementing one or more pilot projects and research initiatives relating to updating maps and records, and enabling public access to land information.

(18) The union government shall establish a dedicated entity for management of land information systems across the country.

စ။ ဒေသဆိုင်ရာအဆင့်တွင် မြေအသုံးချမှုအခွင့်အရေးများကို အတည်ပြုနိုင်ရန် ညှိနှိုင်းတိုင်ပင်ခြင်းနှင့် ဒေသခံပြည်သူများပူးပေါင်းပါဝင်၍ မြေအသုံးချမြေပုံ ရေးဆွဲခြင်းနည်းလမ်းများကို အသုံးပြုခြင်း၊

ဆ။ ကျေးရွာများရှိ မြေမဲ့ယာမဲ့များအား စာရင်းကောက်ယူရေးနှင့် စနစ်တကျ မှတ်ပုံတင်ရေးအတွက် သမာသမတ်ကျသော လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်စေခြင်း၊

ဇ။ အပိုဒ်ခွဲ(က)မှ (ဆ)အထိပါလမ်းညွှန်ချက်များအပေါ် အခြေခံ၍ မြေအသုံးချမှုမှတ်တမ်းနှင့် မြေပုံများကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပြုစုနိုင်ရန်နှင့် အများပြည်သူတို့ ရယူသုံးစွဲနိုင်ရန် တိကျသည့်နည်းလမ်းများကို တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော သုတေသနပြုခြင်းနှင့် စမ်းသပ်စီမံချက်များ ပြုလုပ်ခြင်း။

(၁၈) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတစ်ဝန်းလုံးရှိ မြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်စနစ်များကို စီမံခန့်ခွဲရန်အတွက် တိကျစွာတာဝန်ပေးထားသော အဖွဲ့အစည်းတစ်ခုကို တည်ထောင်ရမည်။

# PART (III)
# PLANNING AND CHANGING LAND USE

## Chapter (I)

## Planning and Drawing Land Use Map

(19) a. Preparation of land use plan to enable the systematic management and use of land resources in the country shall be based on upon accurate, complete and updated information, and shall take into consideration potential future trends and needs;

b. Revise and update land use plans and maps in timely manner in order to understand potential impacts of proposed land use changes on existing livelihoods, land use, land tenure rights, existence of farmlands, protected areas and encroachment;

c. The process in sub-paragraph (b) shall be carried out using an inclusive participatory approach and in consultation with local stakeholders, including men and women;

d. Land use planning process that is participatory, transparent and accountable, as defined in this chapter, shall be incorporated in the National Land Law.

(20) To make district level land use planning and decision making processes easier and effective, use advanced land use mapping techniques, zoning, planning, public consultation and individual application.

# အပိုင်း-၃
# စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်း

## အခန်း(၁)

### စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုမြေပုံရေးဆွဲခြင်း

(၁၉) က။ နိုင်ငံတော်ရှိ မြေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲ အသုံးချနိုင်ရန် မြေအသုံးချမှု စီမံကိန်းရေးဆွဲရာ၌ စီမံကိန်းချမှတ်ချိန်တွင် ဖြစ်ပေါ်လျက်ရှိသော ပြည့်စုံမှန်ကန်သည့် သတင်းအချက်အလက်များအပေါ်အခြေခံရမည်၊ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်အလားအလာအခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရမည်၊

ခ။ မြေအသုံးချမှုပြောင်းလဲရန် အဆိုပြုချက်များသည် လက်ရှိ စားဝတ်နေမှု၊ မြေအသုံးချမှု၊ မြေလုပ်ပိုင်ခွင့်၊ မြေတည်ရှိမှု၊ ကာကွယ်ထားသော နယ်မြေကျူးကျော်မှုတို့အပေါ် မည်သို့အကျိုးသက်ရောက်နေသည်ကို မှန်ကန်စွာသိရှိနိုင်ရေးအတွက် တည်ဆဲမြေအသုံးချမှုစီမံကိန်းနှင့် မြေပုံများကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ရမည်၊

ဂ။ အပိုဒ်ခွဲ(ခ)ပါလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် အများပါဝင်သည့် နည်းလမ်းကိုလည်းကောင်း၊ ဒေသရှိအကျိုးသက်ဆိုင်သူများ၊ အမျိုးသား အမျိုးသမီးများနှင့် ညှိနှိုင်းတိုင်ပင်သည့် နည်းလမ်းကိုလည်းကောင်း၊ အခြေခံ၍ ဆောင်ရွက်ရမည်၊

ဃ။ အများပြည်သူပါဝင်ဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော မြေအသုံးချမှုစီမံကိန်းလုပ်ငန်းစဉ်များကို ဤအခန်းတွင် ဖော်ပြထားသည့်အတိုင်း အမျိုးသားမြေဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

(၂၀) ခရိုင်အဆင့်စီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်လွယ်ကူစေရေးအတွက် ခေတ်မီမြေအသုံးချမှုမြေပုံရေးဆွဲခြင်း၊ ဇုန်နယ်မြေသတ်မှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အများပြည်သူနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊ တစ်သီးပုဂ္ဂလလျှောက်ထားခြင်း နည်းလမ်းများကို အသုံးပြု၍ဆောင်ရွက်ရမည်။

(21) The following shall be included in process of preparing district level land use plans:

a. Transparently providing access to information on the land use plan to the public;
b. Integrating and implementing the Union level, Region or State level and local level land use plans;
c. Using "bottom-up" participatory approach when preparing urban and rural land use plans;
d. Deciding impartially and transparently the recognition of existing land tenure rights and changing the existing land use;
e. Using procedures that provide prior notice to the public and reaching consent when preparing participatory land use plans at township, town, ward, village-tract and village levels;
f. Using evidence based satellite images and appropriate technologies, including GIS, when preparing land use plans;
g. Considering historic and current land use and land tenure rights when changing land types or land classifications;
h. Establishing agricultural and ecological conservation zones to encourage protection of land resources and the environment;
i. Establishing reserved land areas for allocation to landless citizens in order to improve livelihoods, promote social stability, and manage land encroachment;
j. Revising land use plans as needed to reflect changing needs and priorities of society over time;
k. Establishing effective and beneficial processes that provide consultation opportunities to the public during land use decision-making.

၂၁။ ခရိုင်အဆင့်မြေအသုံးချမှု အဆိုပြုစီမံကိန်းများရေးဆွဲရာတွင် အောက်ပါအချက်များပါဝင်စေရမည် -

က။ မြေအသုံးချမှုစီမံကိန်းမှတ်တမ်းများကို အများပြည်သူများကို ပွင့်လင်းမြင်သာစွာ ရယူသုံးစွဲခွင့်ပေးခြင်း၊

ခ။ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့်မြေအသုံးချမှုစီမံကိန်းများကို စုစည်းအကောင်အထည်ဖော်ခြင်း၊

ဂ။ မြို့ပြနှင့် ကျေးလက်မြေအသုံးချမှု စီမံကိန်းများရေးဆွဲရာတွင် " အောက်ခြေမှအထက်သို့ " တင်ပြသည့်နည်းလမ်းကို အသုံးပြုခြင်း၊

ဃ။ လက်ရှိမြေလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုခြင်းနှင့် လက်ရှိမြေအသုံးချမှု ပြောင်းလဲခြင်းတို့အတွက် ဘက်လိုက်မှုမရှိဘဲ ပွင့်လင်းမြင်သာစွာ ဆုံးဖြတ်ခြင်း၊

င။ အများပြည်သူပါဝင်သည့် မြေအသုံးချမှုစီမံကိန်းရေးဆွဲရာတွင် မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သို့မဟုတ် ကျေးရွာအဆင့်ရှိ အများပြည်သူသို့ ကြိုတင်အသိပေးခြင်းနှင့် သဘောတူညီချက်ရယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုအသုံးပြုခြင်း၊

စ။ မြေအသုံးချမှုစီမံကိန်းများရေးဆွဲရာတွင် အထောက်အထားများကို အခြေခံသည့် ဂြိုလ်တုပုံရိပ်နှင့် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက် နည်းပညာအပါအဝင် သင့်လျော်သောနည်းပညာများကို ထည့်သွင်းအသုံးပြုခြင်း၊

ဆ။ မြေအမျိုးအစား သို့မဟုတ် မြေအတန်းအစားပြောင်းလဲလိုသည့် နေရာများတွင် ယခင်နှင့် လက်ရှိမြေအသုံးပြုမှုနှင့် မြေလုပ်ပိုင်ခွင့်များကို ထည့်သွင်းစဉ်းစား၍ ပြောင်းလဲသတ်မှတ်ခြင်း၊

ဇ။ မြေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးကို အားပေးရန်အလို့ငှာ စိုက်ပျိုးရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးဇုန်များကို စနစ်တကျဖွဲ့စည်းသတ်မှတ်ခြင်း၊

ဈ။ စားဝတ်နေမှုဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝတည်ငြိမ်ရေးနှင့် မြေကျူးကျော်မှုကိုစီမံခန့်ခွဲနိုင်ရေးအတွက် မြေမဲ့ယာမဲ့ပြည်သူများအား မြေခွဲဝေချထားနိုင်ရန်အရန်မြေနေရာသတ်မှတ်ဆောင်ရွက်ခြင်း၊

ည။ လူ့ဘောင်အဖွဲ့အစည်း၏ အချိန်ကာလအလျောက်ဖြစ်ပေါ်သော ပြောင်းလဲမှုလိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို ထင်ဟပ်စေရန် မြေအသုံးချမှုစီမံကိန်းများကို လိုအပ်သလိုပြင်ဆင်ခြင်း၊

ဋ။ မြေအသုံးချမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံသားများက ဆွေးနွေးခွင့်ရရှိနိုင်ရန် အကျိုးရှိပြီးထိရောက်သော လုပ်ငန်းစဉ်များ တည်ထောင်ပေးခြင်း။

(22) Legitimate land use rights shall not be affected when there is a plan to change land use through zoning or individual application.

(23) In areas where there is a plan for land use change, existing land users may voluntarily and independently transfer or sell their land use rights.

## Chapter ( II )

## Zoning and Changing Land Use

(24) Based on land use information, the District Land Use Committee may define the following zones, and additional zones as necessary, in the proposed land use planning maps:

a. Urban and rural development zone;
b. Agriculture zone;
c. Livestock breeding and fishery zone;
d. Protected area zone or national security zone;
e. Commercial zone, industrial zone or mining zone;
f. Grazing land zone;
g. Forest zone.

(25) The District Land Use Committee shall:

a. Propose land use changes in appropriate areas of the district based on approved and updated information from the land use planning process, in order to meet local development, environmental conservation, livelihoods improvement, food security and other needs;

(၂၂) ဇုန်နယ်မြေသတ်မှတ်ခြင်း သို့မဟုတ် တစ်သီးပုဂ္ဂလလျှောက်ထားခြင်း နည်းလမ်းဖြင့် မြေအသုံးချမှု ပြောင်းလဲဆောင်ရွက်မည့်နေရာများတွင် ဒေသခံအဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့် မြေအသုံးချလျက်ရှိသူများနှင့် ယင်းတို့၏အခွင့်အရေးများကို မထိခိုက်စေရ။

(၂၃) မြေအသုံးချမှုပြောင်းလဲရန် စီမံထားသည့်နယ်မြေများတွင် မြေအသုံးပြုလျက်ရှိသူများက မြေအသုံးချမှုအခွင့်အရေးများကို လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ မိမိတို့၏ဆန္ဒအလျောက်တည်ဆဲဥပဒေများနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်သည်။

## အခန်း(၂)

## ဇုန်များသတ်မှတ်ခြင်းနှင့်မြေအသုံးချမှုပြောင်းလဲခြင်း

(၂၄) မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်များနှင့်အညီ ခရိုင်မြေအသုံးချမှု ကော်မတီ၏ အဆိုပြုမြေအသုံးချမှုမြေပုံများတွင် အောက်ပါဇုန်များအပါအဝင် နယ်မြေဒေသအခြေအနေအရ အခြားလိုအပ်သောမြေအသုံးချမှုဇုန်များကို သတ်မှတ်နိုင်သည်-

က။ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးဇုန်၊

ခ။ စိုက်ပျိုးရေးဇုန်၊

ဂ။ မွေးမြူရေးနှင့် ရေလုပ်ငန်းဇုန်

ဃ။ ကာကွယ်ထားသောနယ်မြေဇုန် သို့မဟုတ် အမျိုးသားကာကွယ်ရေးနယ်မြေဇုန်၊

င။ ကူးသန်းရောင်းဝယ်ရေးဇုန်၊ စက်မှုလက်မှုဇုန် သို့မဟုတ် သတ္တုတွင်းမြေဇုန်၊

စ။ စားကျက်မြေဇုန်၊

ဆ။ သစ်တောဇုန်။

(၂၅) ခရိုင်မြေအသုံးချမှု ကောင်မတီသည် -

က။ မြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် အတည်ပြုထားသော အချိန်နှင့် တစ်ပြေးညီဖြစ်သည့် သတင်းချက်အလက်များကို အခြေခံ၍ ဒေသဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အခြားလိုအပ်ချက်များ ပြည့်မီစေရေးတို့အတွက်သင့်လျော်သောနယ်မြေများတွင် မြေအသုံးချမှုကိုပြောင်းလဲရန် အဆိုပြုရမည်၊

b. In proposing land use change, protect sustainable land use, land administration and land use rights, whether they are registered or not registered.

(26) The land use committees at different levels including National Land Use Council, Union Territory (Nay Pyi Taw Council), region or state, and self-administered division or self-administered zone, shall revise respective sustainable land use plans taking into consideration the proposed land use plans and maps of the District Land Use Committees.

(27) a. After completing proposed land use planning maps and land use zoning, they shall be presented to the public including local communities and other stakeholders, for public consultation.

b. Information sharing must be done sufficiently in every village or ward in order to record positive or negative feedback from stakeholders in the affected areas, on any part, or entirety, of the proposed land use change.

c. Based on the positive and negative feedback from the stakeholder consultation in the affected areas, the Ward or Village Tract Land Use Committees will submit recommendations for revising, partially or entirely, the proposed land use change to the Township Land Use Committee for consideration.

d. Based on recommendations and feedback from the affected Ward or Village Tract' Land Use Committees, the Township Land Use Committees will submit recommendations for revising, partially or entirely, proposed land use change to the District Land Use Committee for consideration.

(ခ) ယင်းသို့ဆောင်ရွက်ရာတွင် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မှတ်ပုံမတင်ထားသည်ဖြစ်စေ စဉ်ဆက်မပြတ်မြေအသုံးချမှု၊ မြေစီမံခန့်ခွဲမှုနှင့် မြေအသုံးချမှုအခွင့်အရေးများကို အကာအကွယ်ပေးရမည်။

(၂၆) အမျိုးသားမြေအသုံးချမှုကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ)နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြေအသုံးချမှုကော်မတီများသည် ရေရှည်မြေအသုံးချမှု စီမံကိန်းများကိုပြင်ဆင်ရာတွင် ခရိုင်မြေအသုံးချမှုကော်မတီက အဆိုပြုထားသော မြေအသုံးချမှုစီမံကိန်းနှင့် မြေပုံများပါပြင်ဆင်ချက်များကို အသုံးပြု၍ ဆောင်ရွက်ရမည်။

(၂၇) က။ မြေအသုံးချမှုဇုန်များအတွက် အဆိုပြုခြင်း၊ မြေပုံထုတ်ခြင်းပြုလုပ်ပြီးသည့်အခါ ယင်းတို့ကိုဒေသခံပြည်သူများအပါအဝင် အများပြည်သူသို့ချပြ၍ အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

ခ။ အကျိုးထိခိုက်မှုရှိသော နယ်မြေများမှ အကျိုးသက်ဆိုင်သူအားလုံးက အဆိုပြုမြေအသုံးချ မှုအပြောင်းအလဲအားလုံးကိုဖြစ်စေ၊ အစိတ်အပိုင်း တစ်ရပ်ရပ်ကိုဖြစ်စေ ထောက်ခံခြင်း သို့မဟုတ် ကန့်ကွက်ခြင်းနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်နိုင်ရေးအတွက် ပထမအကြိမ်အသိပေးသည့်လုပ်ငန်းကို ကျေးရွာ သို့မဟုတ် ရပ်ကွက်တိုင်း၌ မျှတလုံလောက်သောကာလတစ်ခုအတွင်း ဆောင်ရွက်ရမည်၊

ဂ။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမြေအသုံးချမှုကော်မတီသည် ညှိနှိုင်းတိုင်ပင်သည့် လုပ်ငန်းစဉ်မှရရှိသည့် ထောက်ခံချက်နှင့် ကန့်ကွက်ချက်တို့ကို အခြေခံ၍အကျိုးသက်ရောက်မှုရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာရှိ အဆိုပြုမြေအသုံးချမှုဇုန်အားလုံး သို့မဟုတ် အစိတ်အပိုင်းကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်ရန် သဘောထားမှတ်ချက်နှင့်အတူ မြို့နယ်မြေအသုံးချမှုကော်မတီသို့ တင်ပြရမည်၊

ဃ။ မြို့နယ်မြေအသုံးချမှုကောင်မတီသည် မြို့နယ်အတွင်းရှိ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမြေအသုံးချမှုကော်မတီ၏ တင်ပြချက်များကိုစုစည်း၍ အဆိုပြုမြေအသုံးချမှုအားလုံး သို့မဟုတ် အစိတ်အပိုင်းကိုအတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်ရန် သဘောထားမှတ်ချက်နှင့်အတူ ခရိုင်မြေအသုံးချမှုကော်မတီသို့ တင်ပြရမည်၊

e. The District Land Use Committee:

(i) Based on the recommendations and feedback from Ward or Village Tract, and Township Land Use Committees, will review and revise the proposed zones of entire districts as necessary, in order to change land use;

(ii) Allowing sufficient time, will conduct a second round of information sharing and public consultation with local communities and in affected wards and villages, on the revised land use zones and maps;

(iii) Based on the recommendations of Ward or Village Tract and Township Land Use Committee, from the second round of information sharing and public consultations at the village level, will review and finalize the zoning for changing the overall land use of the District;

(iv) After finalizing zones for land use change, shall approve the new land use zones;

(v) In order to make the public aware, the new land use zones must be demarcated on the ground and records shall be made publicly available in the respective Wards or Villages;

(vi) Shall submit the approved land use zone records to the dedicated entity responsible for land information management systems at the national level using approved procedures, so that national, region or state, and selfadministered division or self-administered zone may revise sustainable land use plans in a timely manner.

င။ ခရိုင်မြေအသုံးချမှု ကော်မတီသည် -

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနှင့် မြို့နယ်မြေအသုံးချမှု ကော်မတီတို့၏ တင်ပြချက်ကိုအခြေပြု၍ ခရိုင်တစ်ခုလုံးရှိ မြေအသုံးချမှုကို ပြောင်းလဲနိုင်ရန် အဆိုပြုဇုန်များကိုပြန်လည်သုံးသပ်ပြီး၊ သင့်လျော်သလို ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) ပြင်ဆင်ထားသော မြေအသုံးချမှုဇုန်များနှင့် မြေပုံများကို အကျိုးသက်ရောက်သောသက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် ဒုတိယအကြိမ်အသိပေးသည့်လုပ်ငန်းကို မျှတလုံလောက်သောကာလအတွင်း ဒေသခံပြည်သူများအား ရှင်းလင်းချပြခြင်းနှင့် ညှိနှိုင်းတိုင်ပင်ခြင်းလုပ်ငန်းစဉ်တို့ကိုဆောင်ရွက်ရမည်၊

(၃) ဒုတိယအကြိမ်အသိပေးသည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနှင့် မြို့နယ်မြေအသုံးချမှုကော်မတီတို့၏ တင်ပြချက်များကိုရရှိသည့်အခါ ယင်းတင်ပြချက်ကိုအခြေခံ၍ ခရိုင်တစ်ခုလုံး၏ မြေအသုံးချမှုကိုပြောင်းလဲရန် အဆိုပြုဇုန်များအား ပြန်လည်သုံးသပ်၍ သင့်လျော်သလို အပြီးသတ် ပြင်ဆင်ဆောင်ရွက်ရမည်၊

(၄) အပြီးသတ် ပြင်ဆင်ဆောင်ရွက်ပြီးသည့်အခါ မြေအသုံးချမှုဇုန်အသီးသီးကို အတည်ပြုရမည်။

(၅) အသစ်သတ်မှတ်ထားသည့် မြေအသုံးချမှုဇုန်များကို အများပြည်သူ သိရှိနိုင်ရန် မြေပြင်တွင်ထင်ရှားစွာဖော်ပြ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် မှတ်တမ်းတင်ထားရမည်၊

(၆) အတည်ပြုပြီးသော မြေအသုံးချမှုဇုန်မှတ်တမ်းကို အမျိုးသားအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံခန့်ခွဲခွင့်နယ်မြေများအတွင်းရှိ နှစ်ရှည်မြေအသုံးချမှုစီမံကိန်းတွင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေးအတွက် သတင်းအချက်အလက်အဖြစ် အမျိုးသားအဆင့်ရှိ မြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်စနစ်များကို စီမံခန့်ခွဲနိုင်ရန် တိကျစွာတာဝန်ပေးထားသော အဖွဲ့အစည်းသို့ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီပေးပို့ရမည်။

# Chapter ( III )

## Changing Land Use by Individual Application

(28) In order to protect the land use rights of existing land users in affected and surrounding areas, procedures will be developed on providing public notice, information sharing and right to appeal, when determining whether an individual application for land use change, that is submitted to respective ministries, government departments or agencies, is permitted or not.

(29) To protect existing land users in the local communities from negative impacts of proposed individual land use changes, the following shall be done:

a. The respective land use committee shall review, check for accuracy and approve information in relevant land use plans relating to existing livelihoods, land uses, land use rights, existing land availability, protected areas, encroachments and other socioeconomic information;

b. Complete an Environmental and Social Impact Assessment (ESIA) before considering a grant for individual land use right or lease of land;

c. Determining the following costs and time schedule for payment by an applicant;

(i) Cost for scrutinizing whether information is correct, and;

(ii) Cost for conducting ESIA in the affected area;

# အခန်း(၃)

## တစ်သီးပုဂ္ဂလလျှောက်ထား၍ မြေအသုံးချမှုပြောင်းလဲခြင်း

(၂၈) သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ တစ်သီးပုဂ္ဂလမြေအသုံးချမှုပြောင်းလဲရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ယင်းအစိုးရဌာန၊ အဖွဲ့အစည်းများက ခွင့်ပြုရန် သင့် မသင့်စဉ်းစားရာတွင် သက်ဆိုင်ရာနယ်မြေနှင့် ပတ်ဝန်းကျင်ရှိ မြေအသုံးချလျက်ရှိသူများ၏ မြေအသုံးချမှုအခွင့်အရေးများအား ကာကွယ်နိုင်ရေးအတွက် လျှောက်ထားချက်များကို အများပြည်သူသို့ အသိပေးချပြခြင်း၊ ကြိုတင်နို့တစ်ပေးခြင်းနှင့် အယူခံခွင့်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို သတ်မှတ်ရမည်။

(၂၉) တစ်သီးပုဂ္ဂလများအတွက် အဆိုပြုမြေအသုံးချမှု ပြောင်းလဲခြင်းကြောင့် ယင်းပတ်ဝန်းကျင်ရှိ မြေအသုံးချလျက်ရှိသူများအပေါ် သက်ရောက်နိုင်သည့် အကျိုးထိခိုက်မှုများကို အကာအကွယ်ပေးနိုင်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရန်သတ်မှတ်ရမည် -

က။ သက်ဆိုင်ရာ မြေအသုံးချမှုကော်မတီသည် အကျိုးသက်ရောက်သည့် နယ်မြေရှိ လက်ရှိစားဝတ်နေမှု၊ မြေအသုံးချမှု၊ မြေလုပ်ပိုင်ခွင့်၊ မြေတည်ရှိမှု၊ ကာကွယ်ထားသောနယ်မြေများ၊ ကျူးကျော်မှုများနှင့် အခြားလူမှုစီးပွားရေးဆိုင်ရာ မြေအသုံးချမှုစီမံကိန်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ မှန်ကန်မှု ရှိ မရှိ စိစစ်အတည်ပြုခြင်း၊

ခ။ မြေလုပ်ပိုင်ခွင့်ပေးခြင်း သို့မဟုတ် မြေငှားရမ်းခြင်းပြုရေးအတွက် သုံးသပ်ခြင်းမပြုမီ ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှုနှင့် လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာ ဆန်းစစ်ချက်များကို အပြီးသတ်ဆောင်ရွက်ခြင်း၊

ဂ။ လျှောက်ထားသူကပေးချေရမည့် အောက်ပါကုန်ကျစရိတ်များကို သတ်မှတ်ခြင်းနှင့် ပေးသွင်းရမည့်အချိန်ကာလ သတ်မှတ်ခြင်း -

(၁) သတင်းအချက်အလက် မှန်ကန်မှု ရှိ မရှိ စိစစ်အတည်ပြုခြင်း ကုန်ကျစရိတ်၊

(၂) အကျိုးသက်ရောက်သည့် နယ်မြေအတွက် ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှုနှင့် လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာ ဆန်းစစ်ချက်များပြုလုပ်သည့် ကုန်ကျစရိတ်။

d. Protecting lands that are under rotating and shifting cultivation and customary cultivation practices;

e. Protecting natural resources and ecological system that provide shared livelihood and socioeconomic development benefits to the surrounding communities;

f. Implementing land use plans consistently and fairly with public consent to reduce land disputes.

ဃ။ အလှည့်ကျအနားပေးစနစ်ဖြင့် စိုက်ပျိုးသော ရွှေ့ပြောင်းတောင်ယာများနှင့် မိရိုးဖလာနည်းဖြင့် စိုက်ပျိုးသည့်မြေများကို အကာအကွယ်ပေးခြင်း၊

င။ ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းများက စားဝတ်နေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှဝေသုံးစွဲ၍ အကျိုးခံစားခွင့်ရရှိနေသည့် သဘာဝအရင်းမြစ်များနှင့် ဂေဟစနစ်ကို အကာအကွယ်ပေးခြင်း၊

စ။ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများလျော့နည်းစေရန် အများပြည်သူ၏ သဘောထားရယူ၍ မြေအသုံးချမှုအစီအစဉ်များကို ညီညွတ်မျှတစွာဆောင်ရွက်ခြင်း။

# Part (IV)
# Grants and Leases of Land at the Disposal of Government

(30) When granting or leasing of land at the disposal of government, the government shall provide prior notice, secure feedback from stakeholders, and conduct an ESIA in accordance with law, in order to not affect the public negatively.

(31) While implementing actions in accordance with paragraph 30, the granting and leasing of land at the disposal of government shall be temporarily suspended.

(32) When conducting ESIA:

a. If members of the public need to be relocated for a publicpurpose, which is unavoidable, then there shall be public consultation, negotiation and participatory decision making;

b. If the relocation is due to private purpose, then the preference of the stakeholders shall be given priority;

c. If it is impossible to relocate according to the desire of the stakeholders, when the relocation is due to a private purpose, then ways will be explored to revise the project design and make changes;

d. The benefits of the project shall be properly explained to those who have to be relocated, and a program for sustainabledevelopment that sufficiently meets the needs of the stakeholders shall be implemented;

# အပိုင်း-၄
# အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို လုပ်ပိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်း

(၃၀) အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကို လုပ်ပိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်းပြုရန်စီစဉ်ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးကို ထိခိုက်မှုမရှိစေရန်အလို့ငှာ အကျိုးသက်ဆိုင်သူများကို ကြိုတင်အကြောင်းကြားခြင်း၊ သဘောဆန္ဒရယူခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မနှင့် လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(၃၁) အပိုဒ် ၃၀ အရ ဆောင်ရွက်နေစဉ်အတွင်း အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို လုပ်ပိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်းတို့ကို ခေတ္တဆိုင်းငံ့ထားရမည်။

(၃၂) ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှုနှင့် လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာ ဆန်းစစ်ချက်များဆောင်ရွက်ရာတွင် -

က။ အများပြည်သူအကျိုးစီးပွားအလို့ငှာ ပြောင်းရွှေ့ရန် အမှန်တကယ်လိုအပ်ပါက အကျိုးသက်ဆိုင်သူများအား စေ့စပ်ညှိနှိုင်းခြင်းနည်းလမ်းဖြင့် ပူးပေါင်းပါဝင်စေရန် စည်းရုံးဆောင်ရွက်ရမည်၊

ခ။ ပုဂ္ဂလိကစီးပွားရေးကိစ္စအတွက် ဖြစ်ပါကပြောင်းရွှေ့ရမည့် အကျိုးသက်ဆိုင်သူများ၏ဆန္ဒကို ဦးစားပေးရမည်။

ဂ။ ပုဂ္ဂလိက စီးပွားရေးကိစ္စနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူများ၏ ဆန္ဒအရ နေရာပြောင်းရွှေ့ရန်မဖြစ်နိုင်ပါက စီမံချက်ဒီဇိုင်းကို ပြောင်းလဲ၊ ပြင်ဆင်၊ ရေးဆွဲကျင့်သုံးနိုင်သည့် နည်းလမ်းကိုရှာဖွေရမည်။

ဃ။ နေရာပြောင်းရွှေ့ရသော အကျိုးသက်ဆိုင်သူများအား စီမံချက်၏ အကျိုးအမြတ်များကိုသိရှိစေ၍ နေရာပြောင်းရွှေ့ရသည့်အတွက် လိုအပ်သော အရင်းအမြစ်များကို လုံလောက်စွာထောက်ပံ့ပေးသည့် အစီအစဉ်များဆောင်ရွက်ခြင်းအားဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရမည်၊

e. Stakeholders to be relocated shall be systematically consulted and allowed to participate directly in the design and implementation of the land relocation and rehabilitation project;

f. Arrangement shall be made to allocate land to landless stakeholders;

g. Suitable protection measures shall be implemented in the proposed grant or lease and surrounding areas, in order to avoid the loss of land use rights and negative impacts on the socioeconomic life of existing land users;

h. The existing environment and natural resources, which are beneficial to relevant local stakeholders, shall be protected and conserved;

i. An impartial dispute resolution mechanism shall be established and readily available for all relevant land users;

j. Land, infrastructure and housing of an equal or higher value shall be planned, constructed and provided prior to relocation from the areas where the stakeholders previously lived.

(33) In order to address the problem of land monopolization and speculation, the following shall be included in the National Land Law and land administration system:

a. Defining the maximum size limit for grants or leases of land that is at the disposal of government;

b. Defining the limits based on the capacity of individual companies;

c. Suspending the land use rights on lands that are in dispute;

d. Defining prohibitions relating to land monopolization and speculation, so that the case can be taken to court;

e. Allowing local communities and experts to participate indispute resolution and prevention;

f. Conducting free, prior, informed, consent and environmental social impact assessment.

င။ မြေခွဲဝေချထားခြင်းနှင့် ပြန်လည်နေရာချထားခြင်းတို့အတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာ၌ နေရာပြောင်းရွှေ့ရသော အကျိုးသက်ဆိုင်သူများကို စနစ်တကျတိုင်ပင်ညှိနှိုင်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်စေရမည်၊

စ။ မြေမဲ့ယာမဲ့များကို မြေခွဲဝေချထားပေးနိုင်ရန်စီစဉ်ဆောင်ရွက်ရမည်၊

ဆ။ အဆိုပြုထားသောအငှားချထားမှု သို့မဟုတ် လုပ်ပိုင်ခွင့်ပြုသည့် နယ်မြေအတွင်းတွင်ဖြစ်စေ၊ ပတ်ဝန်းကျင်တွင်ဖြစ်စေ လက်ရှိမြေအသုံးချသူများ၏ လူမှုစီးပွားဘဝနှင့်မြေအသုံးချမှုအခွင့်အရေးတို့ကို မနစ်နာစေရန် အကာအကွယ်ပေးသည့် သင့်လျော်သောလုပ်ငန်းစဉ်များကို ချမှတ်ရမည်၊

ဇ။ သက်ဆိုင်ရာဒေသခံပြည်သူများအတွက် အကျိုးရှိနေသည့်ရှိရင်းစွဲ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရမည်။

ဈ။ အကျိုးသက်ဆိုင်သော မြေအသုံးချသူအားလုံးအတွက် ဘက်မလိုက်သော အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို အသင့်တည်ထောင်ထားရမည်၊

ည။ အကျိုးသက်ဆိုင်သူများ မပြောင်းရွှေ့မီနေထိုင်လျက်ရှိသောမြေ၊ အခြေခံအဆောက်အအုံနှင့်တန်ဖိုးညီမျှသော သို့မဟုတ် ပိုမိုကောင်းမွန်သော အိမ်ရာတည်ဆောက်ပြီးမှသာပြောင်းရွှေ့ရန် စီစဉ်ဆောင်ရွက်ရမည်။

(၃၃) မြေလက်ဝါးကြီးအုပ်သိမ်းယူမှု ပြဿနာကိုတားဆီးနိုင်ရန် အမျိုးသားမြေ ဥပဒေနှင့် မြေအုပ်ချုပ်မှုစနစ်တွင် အောက်ပါအချက်များ ပါဝင်စေရမည်-

က။ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို လုပ်ပိုင်ခွင့်ပြုရန် သို့မဟုတ် ငှားရမ်းရန်ခွင့်ပြုရာတွင် အများဆုံးအရွယ်အစားကို သတ်မှတ်ခြင်း၊

ခ။ ကုမ္ပဏီတစ်ခုချင်းအလိုက် ယင်း၏ စွမ်းဆောင်ရည်အပေါ် အခြေပြု၍ ကန့်သတ်ချက်များသတ်မှတ်ခြင်း၊

ဂ။ အငြင်းပွားမှုဖြစ်နေသည့် မြေများတွင် မြေလုပ်ပိုင်ခွင့်ပြုခြင်းကို ဆိုင်းငံ့ခြင်း၊

ဃ။ မြေလက်ဝါးကြီးအုပ်သိမ်းယူမှုဆိုင်ရာကိစ္စရပ်များကို တရားရုံးတွင် အရေးယူနိုင်ရန်တားမြစ်ချက်များသတ်မှတ်ခြင်း၊

င။ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းခြင်းနှင့် မဖြစ်ပေါ်စေရေးအတွက်တားဆီးခြင်းတို့ပြုရာတွင် ဒေသခံပြည်သူများနှင့် ပညာရှင်များပါဝင်စေခြင်း၊

စ။ သက်ဆိုင်သူများကို ကောင်းစွာကြိုတင်အသိပေးထားသည့် လွတ်လပ်သောသဘောထားဆန္ဒရယူခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှုနှင့် လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာဆန်းစစ်ချက်များကို ဆောင်ရွက်နိုင်ခြင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

(34) In piloting contract farming and Joint - Venture systems that are beneficial to smallholder farmers, the following shall be practiced before starting the agriculture related business project in order to sustain investment at the village level and resolve potential land disputes:

a. Reviewing and approving the work records of companies that apply for a permit;
b. Implementing an ESIA before the commencement of the project;
c. Studying and analyzing the completed and ongoing pilot projects of the company, in order to understand whether the contract farming or Joint–Venture system to be implemented together with the company is appropriate or not for a local situation;
d. When the company acknowledges and agrees to the regulations of a mutually beneficial contract farming or Joint-Venture agreement, entering into a temporary agreement, and if the company strictly follows the regulations, then entering into a longer-term mutually beneficial agreement;
e. Consulting and agreeing on the mutually beneficial arrangements including land use, crop sharing and price;
f. Accurately defining the benefits to be given by the company to the farmers in the mutually beneficial contract farming or Joint – Venture agreement.

(35) Regulations related to granting and leasing of land at the disposal of government shall be defined.

(36) One or more pilot projects shall be researched and tested in order to enable implementation of environmental and social safeguards.

(၃၄) လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းစေနိုင်သော အကျိုးတူလယ်ယာစနစ်နှင့် ဖက်စပ်စီးပွားရေးလုပ်ငန်း စမ်းသပ်ကျင့်သုံးရာတွင် ကျေးရွာအဆင့်၌ ရင်းနှီးမြှုပ်နှံမှု ရေရှည်တည်တံ့စေရန်နှင့် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများကိုဖြေရှင်းရန် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းစီမံချက်များမစတင်မီ အောက်ပါအချက်များကိုချမှတ်ကျင့်သုံးရမည် -

က။ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားသည့်ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းမှတ်တမ်းများကို စိစစ်အတည်ပြုခြင်း၊

ခ။ စီမံချက်များမစတင်မီ ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှုနှင့် လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာ ဆန်းစစ်ချက်ပြုလုပ်ခြင်း၊

ဂ။ ကုမ္ပဏီနှင့်ဆောင်ရွက်သော အကျိုးတူလယ်ယာစနစ် သို့မဟုတ် ဖက်စပ်စီးပွားရေးလုပ်ငန်းသည် သက်ဆိုင်ရာဒေသအခြေအနေနှင့် လိုက်လျောညီထွေမှု ရှိ မရှိ သိရှိနိုင်ရေးအတွက် ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ပြီးသော စမ်းသပ်စီမံချက်များနှင့် အကောင်အထည်ဖော်လျက်ရှိသော စမ်းသပ်စီမံချက်တို့ကို လေ့လာသုံးသပ်ခြင်း၊

ဃ။ ကုမ္ပဏီက အကျိုးတူဆောင်ရွက်မှု သို့မဟုတ် ဖက်စပ်စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါက ယာယီအကျိုးတူဆောင်ရွက်ခွင့်ပြုခြင်းနှင့် ယင်းသို့ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာမှသာ နှစ်ရှည်အကျိုးတူဆောင်ရွက်ခွင့်ပြုခြင်း၊

င။ မြေအသုံးချမှု၊ သီးနှံအကျိုးအမြတ်ခွဲဝေမှုနှင့် သီးနှံဈေးနှုန်းသတ်မှတ်မှု အပါအဝင်နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် အစီအစဉ်များကို ဆွေးနွေးသဘောတူညီချက်ရယူခြင်း၊

စ။ အကျိုးတူလယ်ယာစိုက်ပျိုးမှု သို့မဟုတ် ဖက်စပ်စီးပွားရေးလုပ်ငန်းဆိုင်ရာ သဘောတူညီချက်တွင် လယ်သမားအား ကုမ္ပဏီကပေးအပ်ရမည့် အကျိုးခံစားခွင့်ကို တိကျစွာသတ်မှတ်ခြင်း၊

(၃၅) အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကို လုပ်ပိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်းပြုရာတွင် လိုက်နာရမည့်စည်းကမ်းများကို သတ်မှတ်ရမည်။

(၃၆) ပတ်ဝန်းကျင်နှင့် လူမှုရေးအကာအကွယ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် တိကျသောနည်းလမ်းကို တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ရှေ့ပြေးစီမံချက်များဖြင့်သုတေသနပြုစမ်းသပ်စေရမည်။

# PART (V)

## PROCEDURES RELATED TO LAND ACQUISITION, RELOCATION, COMPENSATION, REHABILITATION AND RESTITUTION

(37) When land acquisition is done for social and economic development, sustainable land use for the future generations shall be taken into consideration.

(38) When managing the relocation, compensation, rehabilitation and restitution related activities that result from land acquisition and allocation, unfair land confiscation or displacement due to the civil war, clear international best practices and human rights standards shall be applied, and participation by township, ward or village tract level stakeholders, civil society, representatives of ethnic nationalities and experts shall be ensured.

(39) Relevant laws, rules and procedures shall be amended, repealed and newly enacted, if necessary to conform to the objectives, basic principles, practices and instructions in this policy.

(40) When amending or newly enacting relevant laws, rules and procedures, they shall be inconformity with National Land Law and based on the following:

a. Public participation management process and fair, equitable and systematic procedures shall be defined;

# အပိုင်း-၅
# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်အစားထိုးဖြည့်ဆည်းပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

(၃၇) လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မြေသိမ်းဆည်းခြင်းပြုရာတွင် နောင်မျိုးဆက်များအသုံးပြုနိုင်ရေးအတွက် ရေရှည်တည်တံ့သော မြေအသုံးချမှုများကိုထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်။

(၃၈) မြေသိမ်းဆည်းခြင်းနှင့် မြေခွဲဝေချထားခြင်းတို့ကြောင့်လည်းကောင်း၊ မြေကို မတရားသိမ်းဆည်းခံရခြင်း သို့မဟုတ် စစ်ဘေးစစ်ဒဏ်ခံရ၍ မြေကိုစွန့်လွှတ်ခဲ့ရခြင်းကြောင့်လည်းကောင်း ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည့် ပြန်လည်နေရာချထားခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်အစားထိုးဖြည့်ဆည်းပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲရာတွင် မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ရှိ အကျိုးသက်ဆိုင်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ နှင့် ကျွမ်းကျင်သူများပါဝင်၍ အပြည်ပြည်ဆိုင်ရာ ရှင်းလင်းသည့် အကောင်းဆုံးနည်းလမ်းများနှင့် လူ့အခွင့်အရေးစံများကို ကျင့်သုံးဆောင်ရွက်ရမည်။

(၃၉) ဤမူဝါဒပါ ရည်ရွယ်ချက်နှင့် အခြေခံမူများနှင့်လည်းကောင်း၊ နည်းလမ်းနှင့် လမ်းညွှန်ချက်များနှင့်လည်းကောင်း ညီညွတ်ရန်လိုအပ်ပါက သက်ဆိုင်ရာဥပဒေ၊ နည်း ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းပြုရမည်။

(၄၀) သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းပြုရာတွင် အမျိုးသားမြေဥပဒေနှင့်ညီညွတ်ပြီး အောက်ပါအချက်များကိုလည်း အခြေခံရမည် -

က။ အများပြည်သူပါဝင်သော စီမံခန့်ခွဲရေးလုပ်ငန်းစဉ်နှင့် မှန်ကန်မျှတ၍ စနစ်ကျသော လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရမည်၊

b. Shall define measures to prevent and control corruption, and misuse of power, by assigning qualified persons capable of carrying out matters relating to land use in a fair and correct manner in accordance with law;

c. Shall describe effective, consistent and fair valuation system when providing compensation and relocation for people affected by land acquisitions;

d. Shall conduct necessary rehabilitation in order to ensure maintenance of livelihoods for people affected by land acquisitions, even though compensation and relocation has already been carried under sub-paragraph (c);

e. Shall define the time period for conducting matters defined insub-paragraph (c) and (d);

f. If the affected person wants to invest in the project, it shall be allowed.

ခ။ မြေအသုံးချခြင်းဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ ဆောင်ရွက်နိုင်သော ရည်အသွေးပြည့်မီသည့် ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်၍ အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံးစားမှုမဖြစ်စေရေးအတွက် ထိန်းကျောင်းသည့်နည်းလမ်းများသတ်မှတ်ရမည်၊

ဂ။ မြေသိမ်းယူခြင်းကြောင့် အကျိုးထိခိုက်သူများအား လျော်ကြေးပေးခြင်းနှင့် ပြန်လည်နေရာချထားခြင်းတို့ပြုရာတွင် ထိရောက်ပြီး ရှေ့နောက်ညီညွတ်မျှတသည့် တန်ဖိုးတွက်ချက်မှုစနစ်များကို ဖော်ပြရမည်။

ဃ။ အပိုဒ်ခွဲ (ဂ)အရလျော်ကြေးပေးခြင်းနှင့် ပြန်လည်နေရာချထားခြင်းတို့ ဆောင်ရွက်ပြီးသည့်တိုင် မြေသိမ်းယူခြင်းကြောင့် အကျိုးထိခိုက်သူများ၏ ရှိရင်းစွဲစားဝတ်နေရေးအခြေအနေကို ထိန်းသိမ်းနိုင်ရန်လိုအပ်သော ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးရမည်၊

င။ အပိုဒ်ခွဲ (ဂ)နှင့် (ဃ)တို့ပါကိစ္စရပ်များကို ဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်ချက် ထည့်သွင်းရမည်၊

စ။ အကျိုးနစ်နာသူ၏ ဆန္ဒအရသက်ဆိုင်ရာ လုပ်ငန်းစီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံလိုပါကခွင့်ပြုရမည်။

# PART (VI)
# LAND DISPUTE RESOLUTION AND APPEAL

## Chapter (I)

## Land Disputes Resolution

(41) In order to hear and decide land disputes through the use of impartial land dispute resolution mechanisms across the whole country, the following shall be defined:

a. Allowing representatives from local farmer organizations to participate at every level in order to protect and develop farmers' benefits;

b. Allowing local farmers organizations to resolve land disputes arising between their members, using local customary dispute resolution mechanisms, if they choose to do so;

c. Allowing the rights to make a complaint, defend oneself or with representation, and appeal for land disputes;

d. Allowing civil society to provide legal aid and acquire necessary information for use in land disputes;

e. Resolving land disputes in public, and use appropriate local language and translation as necessary;

f. Resolving land disputes transparently, fairly and free from corruption.

# အပိုင်း-၆
# မြေနှင့်သက်ဆိုင်သည့်အငြင်းပွားမှုများဖြေရှင်းဆုံးဖြတ်ခြင်းနှင့်အယူခံခြင်း

## အခန်း(၁)

### မြေနှင့်သက်ဆိုင်သည့်အငြင်းပွားမှုများဖြေရှင်းဆုံးဖြတ်ခြင်း

(၄၁) မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ရန် ဘက်မလိုက်သော အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် အောက်ပါအချက်များကိုသတ်မှတ်ရမည် -

က။ တောင်သူလယ်သမား အကျိုးစီပွားကာကွယ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် စစ်မှန်သော ဒေသခံတောင်သူလယ်သမားအဖွဲ့အစည်းများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကိုအဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊

ခ။ ဒေသခံတောင်သူလယ်သမားအဖွဲ့အစည်းဝင်များအကြား ဖြစ်ပွားသော မြေနှင့်သက်ဆိုင်သည့်အငြင်းပွားမှုများကို သက်ဆိုင်ရာ တောင်သူလယ်သမားအဖွဲ့အစည်းကယင်းတို့၏ ဒေသဆိုင်ရာဓလေ့ထုံးစံဖြင့် ဖြေရှင်းခွင့်ပြုခြင်း၊

ဂ။ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ တိုင်ကြားခြင်း၊ မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ခုခံချေပခြင်းနှင့် အယူခံခြင်းတို့ကို ခွင့်ပြုခြင်း၊

ဃ။ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းရာတွင်အရပ်ဘက် လူမှုအဖွဲ့အစည်းများအား ဥပဒေရေးရာအကူအညီပေးခွင့်ပြုခြင်းနှင့် လိုအပ်သည့်သတင်းအချက်အလက်များရယူ သုံးစွဲခွင့်ပြုခြင်း၊

င။ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများ စစ်ဆေးဆုံးဖြတ်ရာ၌ အများပြည်သူရှေ့မှောက်တွင် ဆောင်ရွက်ရန်နှင့် လိုအပ်ပါက အဆင်ပြေသည့် ဒေသဘာသာစကားအားအသုံးပြု၍ စကားပြန်တို့ဖြင့် စစ်ဆေးခြင်း၊

စ။ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများဖြေရှင်းရာတွင် အဂတိလိုက်စားမှုနှင့်ဘက်လိုက်မှုကင်းရှင်း၍ပွင့်လင်းမြင်သာပြီး တရားမျှတစွာစီရင်စေခြင်း၊

(42) The following shall be carried out when resolving land disputes:

a. Arranging the establishment of special courts that will hear special cases related to land law with specially trained judges and law officers if necessary;

b. Establishing independent monitoring bodies with participation of all stakeholders and appointing monitors that have no direct interest, to observe settlement of land disputes;

c. Determining the processes to settle land disputes betweenbusinessmen and farmers, or between farmers, through independent arbitration;

d. Establishing an independent tripartite arbitration process to settle land disputes, comprised of Government departments, organizations, farmers and private sector;

e. Establishing accurate and clear procedural processes in relevant departments and organizations to improve easy access to, and use of, independent arbitration tribunals, courts and other dispute resolution mechanisms by farmers and other land users in accordance with existing laws.

(43) One or more pilot projects shall be researched and tested in order to establish, organize, implement and monitor accurate practices, described in paragraph 42, for resolving land disputes impartially.

(၄၂) မြေနှင့်သက်ဆိုင်သည့်အငြင်းပွားမှုဖြေရှင်းရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

က။ မြေနှင့်သက်ဆိုင်သည့် ဥပဒေရေးရာ အထူးကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်ပါက သီးသန့်လေ့ကျင့်သင်ကြားပေးထားသည့် တရားသူကြီးများနှင့် ဥပဒေ အရာရှိများဖြင့် စစ်ဆေးစီရင်သည့် အထူးတရားရုံးများ တည်ထောင်ထားရှိရေး အတွက် စီစဉ်ဆောင်ရွက်ခြင်း၊

ခ။ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းခြင်းကို စောင့်ကြည့်လေ့လာနိုင်ရန် တိုက်ရိုက်အကျိုးခံစားခွင့်မရှိသော အကျိုးသက်ဆိုင်သူများအားလုံးဖြင့် ဖွဲ့စည်းထား သော လွတ်လပ်သည့် စောင့်ကြည့်လေ့လာရေးအဖွဲ့များဖွဲ့စည်းပြီး စောင့်ကြည့်စစ် ဆေးရေးမှူးများ ခန့်ထားတာဝန်ပေးခြင်း၊

ဂ။ မြေနှင့်ဆက်စပ်သော စီးပွားရေးလုပ်ငန်းရှင်များနှင့် လယ်သမားအကြားဖြစ်စေ၊ လယ်သမားအချင်းချင်းဖြစ်စေ အငြင်းပွားမှုများကို ဘက်မလိုက်သော အနုညာတခုံ သမာဓိနည်းဖြင့် ဖြေရှင်းနိုင်ရန် လုပ်ငန်းစဉ်များသတ်မှတ်ခြင်း၊

ဃ။ အစိုးရဌာန၊ အဖွဲ့အစည်း၊ လယ်သမားများနှင့် ပုဂ္ဂလိကတို့ ပူးတွဲပါဝင်သော မြေနှင့် သက်ဆိုင်သည့်အငြင်းပွားမှုများကို လွတ်လပ်သည့် သုံးပွင့်ဆိုင် အနုညာတခုံသမာဓိ နည်းဖြင့် ဖြေရှင်းမည့်လုပ်ငန်းစဉ်များ တည်ထောင်ခြင်း၊

င။ တောင်သူလယ်သမားများ၊ အခြားနည်းလမ်းများဖြင့် မြေအသုံးချခွင့်ရရှိထားသူများက တည်ဆဲဥပဒေများအရ ဘက်မလိုက်သော အနုညာတခုံသမာဓိရုံး၊ တရားရုံးများနှင့် မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာလုပ်ငန်းစဉ်များကို အလွယ် တကူထိတွေ့အသုံးပြုနိုင်ရန်နှင့် တရားဝင်တိုင်တန်းမှုတို့ကို မှတ်ပုံတင်ထားရှိရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၌ တိကျရှင်းလင်းသော လုပ်ထုံးလုပ်နည်း လုပ် ငန်းစဉ်များ မြှင့်တင်ဆောင်ရွက်ခြင်း။

(၄၃) အပိုဒ် ၄၂ ပါ လမ်းညွှန်ချက်များကိုအခြေခံ၍ ဘက်မလိုက်သော မြေနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းရေးအတွက် ပြဌာန်းခြင်း၊ ဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် ယင်းတို့အားစောင့်ကြပ်လေ့လာရန် တိကျသောနည်းလမ်းကို တစ်ခု သို့မဟုတ် တစ်ခု ထက်ပိုသော ရှေ့ပြေးစီမံချက်များဖြင့် သုတေသနပြုစမ်းသပ်ဖော်ထုတ်ရမည်။

# Chapter ( II)

## Appeal

(44) In order for individuals and organizations to appeal decisions indisputes related to land and land administration, conduct necessary research.

(45) Appeal of matters relating to land shall be carried out transparently in public.

(46) In conducting appeals related to land, assistance from individuals and civil society with ability to support systematically shall be allowed.

# အခန်း(၂)

## အယူခံခြင်း

(၄၄) မြေနှင့်သက်ဆိုင်သည့်အငြင်းပွားမှုနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဆုံးဖြတ်ချက်များကို လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ တရားရုံး၌ အယူခံဝင်ခွင့်ရရှိနိုင်ရေးအတွက် သုတေသနပြုဆောင်ရွက်ရမည်။

(၄၅) မြေနှင့်သက်ဆိုင်သည့်အယူခံမှုများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရမည့်ကိစ္စများကို အများပြည်သူ ရှေ့မှောက်၌ ပွင့်လင်းမြင်သာသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။

(၄၆) မြေနှင့်သက်ဆိုင်သည့် အငြင်းပွားသူတို့၏ အယူခံအခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်နိုင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် တစ်သီးပုဂ္ဂလများ၏ ပူးပေါင်းဆောင်ရွက်မှုကိုခွင့်ပြုရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# PART (VII)
# ASSESSMENT AND COLLECTION OF LAND TAX, LAND TRANSFER FEE AND STAMP DUTIES

(47) In order to sustain land use planning, land tenure security, land market development, and protection of environmental resources, fair and equitable assessment and collection of land tax and transparent collection of land transfer fee that are the fundamental budgetary processes, shall be implemented.

(48) Land taxation system shall be implemented as follow:

a. Defining the rate of land revenue and other taxes;
b. Assessment of land revenue and other taxes;
c. Collection of land revenue and other taxes.

(49) The assessment and collection of revenue relating to land shall be carried out by the following Government departments and agencies:

a. Relevant Union Ministries;
b. Nay Pyi Taw Development Committee;
c. Yangon City Development Committee;
d. Mandalay City Development Committee;
e. Region or State Governments.

(50) In line with objective and basic principles of this policy, in order to ensure the sustainable development of the country, all business and other uses of land shall exclusively pay appropriate and fair tax in accordance with the law.

# အပိုင်း – ၇
# မြေနှင့်ဆက်စပ်သည့် အခွန်အခများစည်းကြပ်ကောက်ခံခြင်း၊ မြေလွှဲပြောင်းခနှင့် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်ကိစ္စရပ်များ

(၄၇) မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်း၊ မြေလုပ်ပိုင်ခွင့်ခိုင်မာခြင်း၊ မြေဈေးကွက်ဖွံ့ဖြိုးခြင်း၊ ပတ်ဝန်းကျင် မြေအရင်းအမြစ်ကာကွယ်ခြင်းတို့ကို ရေရှည်တည်ရှိစေရန် အခြေခံကျသော ဘဏ္ဍာရေးလုပ်ငန်းစဉ်များဖြစ်သည့် ညီညွတ်မျှတသော မြေခွန်စည်းကြပ်ကောက်ခံခြင်းနှင့် ပွင့်လင်းမြင်သာသော မြေလွှဲပြောင်းခကောက်ခံခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(၄၈) မြေနှင့်ဆက်စပ်သည့် အခွန်အခစနစ်ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

က။ မြေခွန်နှင့် အခြားအခွန်အခနှုန်းထားများ သတ်မှတ်ခြင်း၊

ခ။ မြေခွန်နှင့် အခြားအခွန်အခစည်းကြပ်ခြင်း၊

ဂ။ မြေခွန်နှင့် အခြားအခွန်အခကောက်ခံခြင်း။

(၄၉) မြေနှင့်ဆက်စပ်သည့် အခွန်အခများ စည်းကြပ်ကောက်ခံခြင်းကို အောက်ပါအစိုးရဌာန၊ အဖွဲ့အစည်းများက ဆောင်ရွက်ရမည်-

က။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊

ခ။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊

ဂ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊

ဃ။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊

င။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ။

(၅၀) မြေအသုံးချမှုမူဝါဒ၏ ရည်ရွယ်ချက်၊ အခြေခံသဘောတရားများနှင့်အညီ နိုင်ငံတော် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် သင့်လျော်မျှတသည့် မြေနှင့်သက်ဆိုင်သော အခွန်အခများကိုမြေအသုံးချသူများနှင့် မြေနှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းအားလုံးက ဥပဒေနှင့်အညီ အပြေအကြေထမ်းဆောင်စေရမည်။

မြန်မာနိုင်ငံတော်အစိုးရပြန်တမ်း

(51) Land taxes shall be equitable, fair and appropriate, and the procedures for collection and payment of these shall be clear, effective and transparent.

(52) In order to prevent land monopolization and land speculation, a policy of increasing the rate of tax based on the amount of land holding, use of idle land tax, and other taxation mechanisms, will be adopted.

(53) Rotating and shifting cultivation shall be considered as subsistence agriculture, and the rate of land tax shall not be more than the maximum rate collected for ordinary smallholder farmer or smallholder household.

(54) The factors to be considered in assessing the tax rate for land shall include land use, current market price and production value, usable land area, value of improvements to the land, exclusion of protected area, and the related costs, infrastructure and services provided by local public improvements.

(55) To ensure fair and equitable land tax rates that contribute to economic development of the country and its' citizens, socioeconomic census studies shall be conducted on both net production value of agricultural land that are based on cost of agricultural production, crop yields, market access, crop prices, and net profit of other land uses.

(56) When defining tax rate, two categories shall be considered, one being a rate based on subsistence livelihoods, and the other rate based on commercial agricultural production and other land use for commercial purposes.

(၅၁) မြေနှင့်ဆက်စပ်သည့် အခွန်အခများသည်မျှတခြင်း၊ သာတူညီမျှခြင်းနှင့် သင့်လျော်ခြင်းရှိ၍ ထိုအခွန်အခများကောက်ခံမှု၊ ပေးသွင်းမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ ရှင်းလင်းထိရောက်ပြီး ပွင့်လင်းမြင်သာမှုရှိရမည်။

(၅၂) မြေလက်ဝါးကြီးအုပ်မှုနှင့် မြေဈေးကစားမှုတို့ကို ကာကွယ်ရန်အလို့ငှာ မြေဧကလက်ဝယ်ထားရှိမှု ပမာဏအလိုက်ထမ်းဆောင်ရမည့် အခွန်အခနှုန်းထား တိုးမြှင့်စည်းကြပ်ကောက်ခံခြင်း၊ မြေလပ်ခွန်စည်းကြပ်ကောက်ခံခြင်းနှင့် အခြားမြေခွန်စည်းကြပ်ကောက်ခံခြင်းနည်းလမ်းများကို အသုံးပြုသည့်မူကိုချမှတ်ရမည်။

(၅၃) အလှည့်ကျအနားပေးတောင်ယာစိုက်ပျိုးခြင်းကို အခြေခံစားဝတ်နေရေးအတွက်စိုက်ပျိုးခြင်းနှင့်အလားတူဟု ယူဆရန်လိုအပ်ပြီး တောင်ယာအတွက်ကောက်ခံသော အခွန်နှုန်းထားမှာ သာမန်စိုက်ပျိုးသူ သို့မဟုတ် စိုက်ပျိုးသူမိသားစုအလိုက် ကောက်ခံသည့်အများဆုံးနှုန်းထား ထက်မပိုသော ကောက်ခံမှုဖြစ်ရမည်။

(၅၄) မြေနှင့်ဆက်စပ်သည့် အခွန်အခနှုန်းထားများကို သတ်မှတ်ရန် ယေဘုယျထည့်သွင်းစဉ်းစားသည့်အချက်များတွင် မြေအသုံးချမှု၊ လက်ရှိဈေးကွက်ပေါက်ဈေးနှင့် ကုန်ထုတ်လုပ်မှုတန်ဖိုး၊ အသုံးပြုနိုင်သည့် မြေဧရိယာ၊ လူတို့တည်ဆောက်ထားသော တိုးတက်ပြုပြင်မှုများ၏တန်ဖိုး၊ ကာကွယ်ထားသောနယ်မြေများကို ပယ်ထုတ်ခြင်းနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများအတွက် ကုန်ကျစရိတ်၊ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးခြင်းများပါဝင်ရမည်။

(၅၅) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုဦးတည်၍ မျှတပြီးသာတူညီမျှမှုရှိသော မြေနှင့်သက်ဆိုင်သည့် အခွန်နှုန်းများဖြစ်စေရန် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်၊ သီးနှံထွက်ရှိမှု၊ ဈေးကွက်နှင့် ဆက်သွယ်နိုင်မှု၊ သီးနှံဈေးနှုန်းနှင့် မြေမှအသားတင်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးမှအပ မြေပေါ်မြေအောက် မြေအသုံးချမှုလုပ်ငန်းများမှ အသားတင်အကျိုးအမြတ်များပေါ်အခြေခံ၍ တန်ဖိုးတွက်ချက်မှုပါဝင်သော လူမှုစီးပွားရေး စစ်တမ်းကောက်ယူခြင်းများပြုလုပ်ရမည်။

(၅၆) အခွန်နှုန်းထားများသတ်မှတ်ရာတွင် အခြေခံစားဝတ်နေရေးကို အခြေခံသည့် မြေနှင့်ဆက်စပ်သည့် သာမာန်အခွန်အခများနှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှုနှင့် အခြားနည်းလမ်းဖြင့် စီးပွားဖြစ်မြေအသုံးချမှုတို့အပေါ် အခြေခံသောမြေနှင့်ဆက်စပ်သည့် အထူးအခွန်အခများဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်ရမည်။

(57) In order to amend existing land tax rates and land administration systems, research shall be conducted based on the following:

a. Defining the best methods for collection of land taxes with fair and equitable rates;
b. Allowing suitable exemptions or credits in order to secure the livelihoods of subsistence farmers;
c. Advertising the standard land valuation and tax rates published by the regional and state governments, or Union Territory (Nay Pyi Taw Council), in all relevant departments and agencies;
d. Assessing and collecting land taxes from all users in an administratively transparent process;
e. Establishing an easily accessible and impartial mechanism allowing all land users to submit complaints if decisions related to land tax rates are not fair and equitable;
f. Decentralization of tax collection and utilization

(58) Open and transparent methods of conducting land transactions for purchase, sale, secured credit and other transfers of land use rights at fair and reasonable cost shall be fundamental requirements for the smooth operation and orderly development of land markets that support economic development.

(59) Land transfer fees and stamp duties shall be fair, equitable and appropriate, and the procedures related to the collection and payment of revenue shall be clear, effective and transparent.

(၅၇) လက်ရှိမြေနှင့်ဆက်စပ်သည့် အခွန်အခနှုန်းထားများနှင့် မြေခွန်အုပ်ချုပ်ရေးစနစ်ကို ပြင်ဆင်နိုင်ရန် အောက်ပါအချက်များအပေါ် အခြေခံ၍ သုတေသနပြုလုပ်ရမည်-

က။ မျှတ၍ သာတူညီမျှမှုရှိသောအခွန်နှုန်းထားဖြင့် ကောက်ခံရန် အကောင်းဆုံးနည်းလမ်းများသတ်မှတ်ခြင်း၊

ခ။ အခြေခံစားဝတ်နေရေးအတွက် စိုက်ပျိုးလုပ်ကိုင်သော တောင်သူလယ်သမားများ၏ စားဝတ်နေရေးလုံခြုံခိုင်မာမှုအတွက် သင့်လျော်သော ခြွင်းချက် သို့မဟုတ် အခွင့်အရေးပေးခြင်း၊

ဂ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) များက သတ်မှတ်ထုတ်ပြန်သည့် မြေ၏ ကာလတန်ဖိုးသတ်မှတ်ချက်စံနှုန်းများနှင့် မြေခွန်နှုန်းထားများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအားလုံးတွင် ကြော်ငြာထားခြင်း၊

ဃ။ မြေအသုံးချသူအားလုံးထံမှ မြေနှင့်ဆက်စပ်သည့် အခွန်အခများစည်းကြပ်ကောက်ခံရာတွင် ပွင့်လင်းမြင်သာသည့် အုပ်ချုပ်မှုလုပ်ငန်းစဉ်ဖြင့် စည်းကြပ်ကောက်ခံခြင်း၊

င။ မြေနှင့်ဆက်စပ်သည့် အခွန်အခနှုန်းထားနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် မျှတမှုနှင့် သာတူညီမျှမှုမရှိပါက မြေအသုံးချသူများက ပြန်လည်တင်ပြခွင့်ရရှိနိုင်ရန် ဆက်သွယ်ဆောင်ရွက်ရာတွင်လွယ်ကူပြီး ဘက်မလိုက်သည့် လုပ်ငန်းစဉ်တစ်ရပ်တည်ထောင်ခြင်း၊

စ။ မြေနှင့်ဆက်စပ်သည့် အခွန်အခများစည်းကြပ်ကောက်ခံခြင်းနှင့် အသုံးပြုခြင်းလုပ်ငန်းစဉ်များကို ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း။

(၅၈) မြေဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ချေးငွေအတွက်အာမခံတင်သွင်းခြင်းနှင့် အခြားနည်းဖြင့် မြေအသုံးချ ခွင့်လွှဲပြောင်းခြင်းများ ဆောင်ရွက်ရာတွင် သင့်လျော်မျှတသည့်စရိတ်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော မြေဈေးကွက်များ ချောမွေ့စွာလည်ပတ်ရေးနှင့် စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

(၅၉) ထိုက်သင့်သောမြေလွှဲပြောင်းခနှင့် တံဆိပ်ခေါင်းခွန်များသည် မျှတခြင်း၊ သာတူညီမျှခြင်းနှင့် သင့်လျော်ခြင်းရှိရမည့်အပြင် အခွန်ကောက်ခြင်း၊ ပေးသွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ရှင်းလင်းမှု၊ ထိရောက်မှုနှင့် ပွင့်လင်းမြင်သာမှုရှိရမည်။

(60) To facilitate land market development, research shall be conducted on establishing a single window public services mechanism for providing affordable public access to authentic land information and for processing future land transactions.

(62) To assure timely and accurate processing of increasing volumes of land transactions, collect land information and transaction fees from all participants and deliver to the government fund. The fund will be used exclusively to finance human resources development and modernization of land records keeping infrastructure, administration and public services.

(62) In order to review and revise stamp duties, and the collection of stamp duties, the following shall be done:

a. Stamp duties must be paid in full before registration or legal recognition of any land transaction, and no avoidance of payment will be allowed;
b. Stamp duties shall be fair, equitable and reasonable;
c. Revenue stamps shall be sold and registered in advance, and standard land value set by respective local governments with a transparent process and based on actual land market value and prescribed rates that are based on land value shall be posted in all relevant government departments and agencies that collect land revenue;
d. Consult and negotiate with relevant ministries to amend rules and procedures, in order to exempt transfers of land use rights for purposes of adding an existing land user's spouse to registration records, for inheritance, or for a gift to any family member of the existing registered land user from stamp duty;

(၆၀) မြေဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုတွင် လွယ်ကူချောမွေ့စေရန် မှန်ကန်သော မြေနှင့်သက်ဆိုင်သည့်သတင်းအချက်အလက်များကို အများပြည်သူက သိရှိရယူနိုင်ရေးအတွက်လည်းကောင်း၊ အနာဂတ်တွင်ဆောင်ရွက်မည့် မြေလွှဲပြောင်းမှုများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ တစ်နေရာတည်းတွင် စုပေါင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်းစဉ်ကို သုတေသနပြု၍ တည်ထောင်ရမည်။

(၆၁) မြေဈေးကွက်ရှိများပြားလာသော မြေလွှဲပြောင်းမှုများကို အချိန်မီတိကျစွာဆောင်ရွက်ပေးနိုင်ရန် မြေဈေးကွက်တွင်ပါဝင်သူအားလုံးထံမှ မြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်ရယူခြင်းနှင့် မြေလွှဲပြောင်းမှုအတွက် အဖိုးအခများကောက်ခံ၍ သက်ဆိုင်ရာအစိုးရဘဏ္ဍာငွေသို့ ပေးသွင်းရမည်။ ယင်းဘဏ္ဍာ ငွေမှနိုင်ငံတစ်ဝန်းလုံးတွင် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်စေခြင်း၊ မြေနှင့်သက်ဆိုင်သည့် မှတ်တမ်းထားရှိသော အခြေခံအဆောက်အအုံများကို ခေတ်မီစေခြင်း၊ အုပ်ချုပ်ခြင်းနှင့် အများပြည်သူဝန်ဆောင်မှုတို့အတွက် ကျခံသုံးစွဲရမည်။

(၆၂) ထိုက်သင့်သောတံဆိပ်ခေါင်းခွန်များကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်းနှင့် ကောက်ခံခြင်းပြုနိုင်ရေးအတွက်-

က။ မြေလွှဲပြောင်းမှုကိုမှတ်ပုံတင်ခြင်း သို့မဟုတ် တရားဝင်အသိအမှတ်ပြုခြင်း ဆောင်ရွက်နိုင်ရေးအတွက် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ပေးဆောင်စေရန်နှင့် တံဆိပ်ခေါင်းခွန်တိမ်းရှောင်မှုမရှိစေရန် စီစဉ်ဆောင်ရွက်ရမည်၊

ခ။ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်များသည် မျှတခြင်း၊ သာတူညီမျှရှိခြင်း၊ သင့်လျော်ခြင်းရှိရမည်၊ (ဂ) အခွန်တံဆိပ်ခေါင်းများကို ကြိုတင်ရောင်းချ၍ မှတ်တမ်းရေးသွင်းခြင်း၊ သက်ဆိုင်ရာဒေသအစိုးရများက လက်ရှိပေါက်ဈေးအပေါ် အခြေခံ၍ ပွင့်လင်းမြင်သာသည့်လုပ်ငန်းစဉ်ဖြင့် သတ်မှတ်ထုတ်ပြန်သည့် မြေယာကာလတန်ဖိုး သတ်မှတ်ချက်စံနှုန်းများ၊ မြေတန်ဖိုးအရ တံဆိပ်ခေါင်းခွန်ကောက်ခံပေးသွင်းသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအားလုံးတွင် သတ်မှတ်နှုန်းထားများကိုထင်ရှားစွာ ကြော်ငြာခြင်းပြုရမည်၊

ဃ။ မြေအသုံးချသူ၏ အိမ်ထောင်ဘက်ကို မှတ်ပုံတင်မှတ်တမ်းတွင် စာရင်းဖြည့်သွင်းခြင်း၊ အမွေဆက်ခံခြင်း သို့မဟုတ် လက်ရှိမှတ်ပုံတင်ထားသည့် မြေအသုံးပြုသူ၏ မိသားစုဝင်တစ်ဦးဦးသို့ ပေးကမ်းခြင်းပြု၍ မြေအသုံးချမှုအခွင့်အရေးလွှဲပြောင်းရာတွင် ထိုက်သင့်သောတံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ပြုနိုင်သည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

e. Consult and negotiate with relevant ministries to amend rules and procedures, in order to exempt transfers of land from the state to land users, their spouses and family members, or organizations, that have not previously registered their legitimate land use rights, from stamp duties;

c. Fees and stamp duties for leases or grants, of land at the disposal of government, for commercial purposes will be based on the actual value of the land, improvements, crops, and other natural resources located on or beneath the land.

(63) Pilot projects that include one or more methodologies shall be researched and tested in order to revise, assess and collect stamp duties based on the above guidelines in paragraph 62.

င။ နိုင်ငံတော်က မြေအသုံးချသူ၊ ယင်း၏အိမ်ထောင်ဘက်နှင့် မိသားစုသို့လည်းကောင်း၊ တရားဝင်မြေအသုံးချမှုအခွင့်အရေးများကို မှတ်ပုံမတင်ရသေးသည့် အဖွဲ့အစည်းသို့လည်းကောင်း၊ မြေအသုံးချမှုအခွင့်အရေးလွှဲပြောင်းရာတွင် ထိုက်သင့်သောတံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့်ပြုရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

စ။ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို စီးပွားရေးလုပ်ငန်းအတွက် ငှားရမ်းခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်ပြုခြင်းတွင် အဖိုးအခနှင့် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို မြေ၏အမှန်တန်ဖိုး၊ ပြောင်းလဲပြုပြင်မှုများ၊ သီးနှံများ၊ မြေပေါ်မြေအောက်ရှိ အခြားသဘာဝသယံဇာတများအပေါ် အခြေပြု၍ သတ်မှတ်ရမည်။

(၆၃) အပိုဒ် - ၆၂ ပါ လမ်းညွှန်ချက်များကိုအခြေခံ၍ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို ပြင်ဆင်ခြင်း သို့မဟုတ် စည်းကြပ်ခွန်ကောက်ခံခြင်းပြုရန် တိကျသောနည်းလမ်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောနည်းလမ်းများကို ရွေးပြေးစီမံချက်များဖြင့် သုတေသနပြုစမ်းသပ်ရမည်။

# Part (VIII)
# Land Use Rights of the Ethnic Nationalities

(64) Customary land use tenure systems shall be recognized in the National Land Law in order to ensure awareness, compliance and application of traditional land use practices of ethnic nationalities, formal recognition of customary land use rights, protection of these rights and application of readily available impartial dispute resolution mechanisms.

(65) Duties shall be assigned for the preparation and revision of land use maps and records through public consultation processes by the ward or village tract land use committees under the supervision of the township land use committee, in order to:

a. Have accurate understanding of information related to land possession, land use, land availability and allocation in the area where ethnic nationalities live or traditionally use land resources for their livelihoods;
b. Conduct land use planning that considers social, environmental and economic issues;
c. Make correct decisions in accordance with law related to land use, settlement of disputes and encroachment.

(66) When preparing and revising customary land use maps and records of ethnic nationalities, the responsible government departments and organizations shall do the following:

a. Consult with, and allow participation of, representatives and leaders of ethnic groups with knowledge of customary land use practices;

# အပိုင်း – ၈
# တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှုအခွင့်အရေးများ

(၆၄) တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာမြေအသုံးချမှုအလေ့အကျင့်များကို သိရှိလိုက်နာကျင့်သုံးရေးအတွက်လည်းကောင်း၊ ရိုးရာမြေအသုံးချမှုအခွင့်အရေး အပြည့်အဝရရှိရေးအတွက်လည်းကောင်း၊ ယင်းအခွင့်အရေးကို ကာကွယ်နိုင်ရေးအတွက်လည်းကောင်း၊ ဘက်မလိုက်သောအငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို အသင့်အသုံးပြုနိုင်ရေးအတွက်လည်းကောင်း ရိုးရာမြေအသုံးချမှုစနစ်ကို အမျိုးသားမြေဥပဒေ၌ ပြဋ္ဌာန်းပေးရမည်။

(၆၅) မြို့နယ်မြေအသုံးချမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမြေအသုံးချမှုကော်မတီများ ပါဝင်ညှိနှိုင်းဆွေးနွေးသည့် လုပ်ငန်းစဉ်များဖြင့် မြေအသုံးချမှုမြေပုံနှင့် မှတ်တမ်းများကို အောက်ပါတို့အတွက်ပြုစုပြင်ဆင်ရန် တာဝန်ပေးအပ်ရမည် -

က။ တိုင်းရင်းသားလူမျိုးစုများနေထိုင်သည့် သို့မဟုတ် ယင်းတို့၏ စားဝတ်နေရေးအတွက် မြေအရင်းအမြစ်များကို ရိုးရာဓလေ့အရ အသုံးပြုသည့်နယ်မြေဒေသများတွင် မြေကို လက်ဝယ်ထားရှိမှု၊ အသုံးချမှု၊ မြေတည်ရှိမှုနှင့် ခွဲဝေလုပ်ကိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို အမှန်အတိုင်းသိရှိနိုင်ရန်၊

ခ။ မြေအသုံးချမှု စီမံကိန်းများရေးဆွဲရာတွင် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးကိစ္စရပ်ကို ထည့်သွင်းစဉ်းစားရန်၊

ဂ။ မြေအသုံးချမှု၊ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများနှင့် ကျူးကျော်မှုများကို ဖြေရှင်းရာတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှန်ကန်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်။

(၆၆) သက်ဆိုင်ရာတာဝန်ရှိအစိုးရဌာန၊ အဖွဲ့အစည်းများသည် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာမြေအသုံးချမှုများနှင့် မှတ်တမ်းများပြုစုပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် -

က။ ရိုးရာမြေအသုံးချမှုအလေ့အထများကို ကျွမ်းကျင်သည့် တိုင်းရင်းသားပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ၄င်းတို့ကိုလည်း ပါဝင်ဆောင်ရွက်စေရမည်၊

b. Formally recognize and protect the customary land tenure rights and related local customary land management practices of ethnic groups, whether or not existing land use is registered, recorded or mapped;

c. Recognize the rights of stakeholders who are members of ethnic nationality organizations, and recognize in existing laws in order to register their land use.

(67) Ethnic leaders, elders and women shall be involved in decision making processes related to land tenure rights of individual stakeholders or groups practicing traditional cultivation methods on customary lands, monitoring, and dispute resolution mechanisms.

(68) The customary lands of ethnic groups used traditionally that fall under current forest land or farmland or vacant, fallow and virgin land classifications shall be transparently reviewed, registered, and protected as "customary land", in accordance with the Constitution of the Republic of the Union of Myanmar, and land allocation to any land user, other than for public purposes, shall be temporarily suspended until these lands are reviewed, recognized and registered as customary lands.

(69) Provision in the new National Land Law relating to reclassification of customary land and land tenure right of ethnic groups shall be the protection against grants or leasing of land at the disposal of government allowed under any existing law.

ခ။ လက်ရှိမြေအသုံးချမှုကို မှတ်တမ်းနှင့် မြေပုံများတွင် ဖော်ပြထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြေအသုံးချလျက်ရှိသည့်တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့် ဒေသဆိုင်ရာရိုးရာမြေစီမံအုပ်ချုပ်မှု အလေ့အထများကို အသိအမှတ်ပြုကာကွယ်ရမည်၊

ဂ။ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများတွင် အဖွဲ့ဝင်ဖြစ်သော အကျိုးသက်ဆိုင်သူတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုပြီး ယင်းတို့၏မြေအသုံးချမှုကို မှတ်ပုံတင်နိုင်ရန် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းရမည်။

(၆၇) ရှေးရိုးစဉ်လာမြေကို ရိုးရာနည်းလမ်းများဖြင့်စိုက်ပျိုးသော တစ်သီးပုဂ္ဂလအကျိုးသက်ဆိုင်သူများ သို့မဟုတ် အဖွဲ့အစည်းများ၏ မြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အငြင်းပွားမှုအပေါ် ဆုံးဖြတ်သည့် လုပ်ငန်းစဉ်များ၌ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် အမျိုးသမီးများပါဝင်စေရမည်။

(၆၈) တိုင်းရင်းသားလူမျိုးစုများ ရိုးရာထုံးတမ်းစဉ်လာအရ လုပ်ကိုင်လျက်ရှိသောမြေများသည် သစ်တောမြေ သို့မဟုတ် လယ်ယာမြေ သို့မဟုတ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတို့တွင် အကျုံးဝင်လျက်ရှိပါက မြေအမျိုးအစားနှင့် မြေအတန်းအစားများ ပွင့်လင်းမြင်သာစွာသတ်မှတ်၍ မှတ်ပုံတင်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ အကာအကွယ်ပေးခြင်းတို့ကို အကျိုးသက်ဆိုင်သူများပါဝင်သည့် လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ အသုံးချလျက်ရှိသည့်မြေများကို မှတ်ပုံတင်ခြင်း၊ မြေအမျိုးအစားပြန်လည်သတ်မှတ်ခြင်းမပြုသေးမီ အများပြည်သူအကျိုးစီးပွားအလို့ငှာ ဆောင်ရွက်သည့်လုပ်ငန်းများမှအပ အခြားမြေအသုံးချခွင့်ပြုခြင်းအား ယာယီအားဖြင့်ဆိုင်းငံ့ထားရမည်။

(၆၉) အမျိုးသားမြေဥပဒေသစ်ပါ တိုင်းရင်းသားလူမျိုးစုများ၏ ခိုင်မာသောမြေလုပ်ပိုင်ခွင့် အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်များသည် တည်ဆဲဥပဒေများအရ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို နှစ်ရှည်လုပ်ပိုင်ခွင့်ပေးခြင်း သို့မဟုတ် ငှားရမ်းခြင်းကြောင့် မြေအမျိုးအစားပြန်လည်သတ်မှတ်ခြင်းကြောင့် တိုင်းရင်းသားလူမျိုးစုများ ရိုးရာထုံးတမ်းအစဉ်အလာအရ လုပ်ကိုင်လျက်ရှိသောမြေများ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် အကာအကွယ်ဖြစ်ရမည်။

(70) Reclassification, formal recognition and registration of customary land use rights relating to rotating and shifting cultivation that exists in farmland, forestland, vacant land, fallow land, or virgin land shall be recognized in the new National Land Law.

(71) Technical, financial and infrastructure support shall be made available to improve the land tenure security and agricultural practices of ethnic nationalities, in order to protect the environment, increase climate change resilience, and improve their food security.

(72) Civil society and other organizations shall be encouraged to providesupport indicated in paragraph 71.

(73) In order to resolve disputes related to land use of ethnic groups, ethnic customary land dispute resolution procedures currently used shall be defined in the new National Land Law, and the respected influential representatives from the ethnic groups shall participate in dispute resolution decision making processes.

(74) For ethnic nationals who lost their land resources where they lived or worked due to civil war, land confiscation, natural disasters or other causes, that desire to resettle to their original lands, adequate land use rights and housing rights shall be systematically provided in accordance with international best practices and human rights standards.

(၇၀) သစ်တောမြေ သို့မဟုတ် လယ်ယာမြေ သို့မဟုတ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် သတ်မှတ်ထားသည့်မြေပေါ်တွင် အလှည့်ကျအနားပေးတောင်ယာမြေများနှင့် စပ်လျဉ်း၍ ရိုးရာမြေအသုံးချမှုအခွင့်အရေးကို မှတ်ပုံတင်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေသစ်တွင် ပြဋ္ဌာန်းရမည်။

(၇၁) ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုပြောင်းလဲမှုကို ခုခံနိုင်သည့်စွမ်းရည်များ တိုးတက်စေရန်နှင့် တိုင်းရင်းသားလူမျိုးစုများ၏ စားနပ်ရိက္ခာဖူလုံစေရန်အလို့ငှာ ယင်းတို့၏ မြေလုပ်ပိုင်ခွင့်ခိုင်မာစေရေးနှင့် စိုက်ပျိုးရေးအလေ့အထများ ဖွံ့ဖြိုးတိုးတက်အောင် နည်းပညာ၊ ဘဏ္ဍာငွေနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်များ ပံ့ပိုးပေးရမည်။

(၇၂) အပိုဒ် ၇၀ ပါဖော်ပြချက်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများက ကူညီပံ့ပိုးနိုင်ရန်ဆောင်ရွက်ရမည်။

(၇၃) အမျိုးသားမြေဥပဒေသစ်တွင် တိုင်းရင်းသားလူမျိုးစု မြေအသုံးချမှုအခွင့်အရေးများနှင့်သက်ဆိုင်သောအငြင်းပွားမှုများကို ဖြေရှင်းနိုင်ရေးအတွက် ရိုးရာတိုင်းရင်းသားအငြင်းပွားမှု ဖြေရှင်းရေး လက်တွေ့လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်ရန် အမျိုးသားမြေဥပဒေသစ်တွင် ပါဝင်စေရမည့်အပြင် အငြင်းပွားမှုဖြေရှင်းရာတွင် တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းအတွင်း လူအများကလေးစား၍ သြဇာတိက္ကရှိသူများကို ပါဝင်ဆုံးဖြတ်ခွင့်ရှိစေရမည်။

(၇၄) မတရားသိမ်းဆည်းခံရခြင်းကြောင့်ဖြစ်စေ၊ စစ်ဘေးစစ်ဒဏ်ကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိနေထိုင်လုပ်ကိုင်သောမြေကို စွန့်ခွာသွားရသောတိုင်းရင်းသားများ မိမိနေရပ်ဒေသသို့ ပြန်လည်အခြေချနေထိုင်လိုပါက နိုင်ငံတကာတွင်ကျင့်သုံးနေသော အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးစံများနှင့်အညီ လိုက်လျောညီထွေသည့် မြေလုပ်ပိုင်ခွင့်နှင့် နေထိုင်ခွင့်တို့ရရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးရမည်။

# Part (IX)
# Equal Rights of Men and Women

(75) In accordance with the Convention on the Elimination of all Forms of Discrimination Against Women, and the Constitution of the Republic of the Union of Myanmar, the new National Land Law shall provide that men and women have the following land tenure and management rights equally:

a. The right to hold individual or joint landholder rights and the right to own property;
b. The right to land allocation and land management in accordance with law;
c. The right to inherit land tenure and management rights;
d. The right to land tenure and management rights when a spouse dies, when property is divided and when couples divorce;
e. The right to participate and represent the community when making decisions in land disputes relating to land use, land transfer and land succession rights, including customary practices and systems of ethnic nationalities;
f. The right to participate and represent the community in relation to land acquisition, compensation, relocation, rehabilitation and restitution;
g. The right to participate in land information collection, land monitoring, land evaluation and land assessment;
h. The right of ethnic nationality organization members to formally recognize, register and protect their customary land use rights, regardless of marital status.

(76) Elders, civil society and other organizations shall be encouraged to support the realization of the rights mentioned above in paragraph 75.

# အပိုင်း – ၉
# အမျိုးသား၊ အမျိုးသမီးများ၏ တန်းတူညီမျှအခွင့်အရေးများ

(၇၅) အမျိုးသမီးများအားပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများကို ပပျောက်စေရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့အရ အမျိုးသားမြေဥပဒေသစ်ပြဋ္ဌာန်းရာတွင် မြေလုပ်ပိုင်ခွင့်နှင့် မြေစီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ အမျိုးသားနှင့် အမျိုးသမီးများသည် အောက်ပါအခွင့်အရေးများကို တန်းတူရရှိစေရန် ပြဋ္ဌာန်းရမည်-

က။ မြေကို တစ်ဦးတည်းအမည်ပေါက်ထားရှိခွင့်၊ ပူးတွဲအမည်ပေါက်ထားရှိခွင့်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊

ခ။ ဥပဒေအရ မြေခွဲဝေချထားခံပိုင်ခွင့်နှင့် မြေစီမံခန့်ခွဲခွင့်၊

ဂ။ မြေလုပ်ပိုင်ခွင့်နှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ အမွေဆက်ခံခွင့်၊

ဃ။ ခင်ပွန်း သို့မဟုတ် ဇနီးကွယ်လွန်သည့်အခါတွင်ဖြစ်စေ၊ ပစ္စည်းခွဲဝေရာတွင်ဖြစ်စေ၊ လင်မယားကွာရှင်းရာတွင်ဖြစ်စေ၊ မြေလုပ်ပိုင်ခွင့်နှင့် မြေစီမံခန့်ခွဲမှုကိုဆက်ခံခွင့်၊

င။ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာကျင့်သုံးမှုနှင့် စနစ်များအပါအဝင် နိုင်ငံသားအားလုံး၏မြေလုပ်ပိုင်ခွင့်၊ မြေလွှဲပြောင်းမှုနှင့် ဆက်ခံမှုအခွင့်အရေးများဆိုင်ရာ အငြင်းပွားမှုများကိုဆုံးဖြတ်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်နှင့် လူ့အဖွဲ့အစည်းကို ကိုယ်စားပြုပိုင်ခွင့်၊

စ။ လိုအပ်ချက်အရ မြေသိမ်းယူခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်အစားထိုး ဖြည့်ဆည်းပေးခြင်းတို့နှင့်စပ်လျဉ်း၍ပါဝင်ဆောင်ရွက်ခွင့်နှင့် လူ့အဖွဲ့အစည်းကို ကိုယ်စားပြုပိုင်ခွင့်၊

ဆ။ မြေနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ကောက်ယူခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းနှင့် ဆန်းစစ်ခြင်းတို့ပြုရာတွင် ပါဝင်ခွင့်၊

ဇ။ တိုင်းရင်းသားလူမျိုးစုများ အဖွဲ့အစည်းဝင်များ၏အခွင့်အရေးများကို အိမ်ထောင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဥပဒေအရ အသိအမှတ်ပြုကာကွယ်ပြီး ယင်းတို့၏ မြေအသုံးချမှုအခွင့်အရေးကို မှတ်ပုံတင်ပြုလုပ်ပိုင်ခွင့်။

(၇၆) အထက် အပိုဒ် - ၇၅ ပါ အခွင့်အရေးတို့ကို ရရှိခံစားနိုင်ရန် ဆောင်ရွက်နိုင်ရေးအတွက်ရပ်မိရပ်ဖများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများက အကူအညီပေးနိုင်ရန် ဆောင်ရွက်ပေးရမည်။

# PART (X)
# HARMONIZATION OF LAWS AND ENACTING NEW LAW

(77) a. A new National Land Law shall be drafted and enacted, using this National Land Use Policy as a guide for the harmonization of all existing laws relating to land in the country.

b. When drafting the National Land Law, the public participation and consultation process contained in this Land Use Policy shall be used.

c. When drafting the National Land Law, the consultation process and key procedural steps shall be implemented as follows:

(i) In order to inform the public, government departments, civil society, farmers and other stakeholders, down to the grassroots level across the country, about the purpose and process of drafting and implementing the National Land Law, public consultation events and other appropriate methods shall be used;

(ii) When drafting National Land Law, take into consideration experiences of countries in the region and around the world, the unique characteristics of the country, issues being faced, and the interest of those using land and natural resources in the country, then inform the stakeholders and public, including media, through consultation events and other means, so that they may provide feedback;

(iii) Allow participation of all stakeholders when conducting the national level workshops on the draft National Land Law;

(iv) Finalize the draft National Land Law and submit to the Pyi Htuang Su Hluttaw (Upper House).

# အပိုင်း – ၁၀
# ဥပဒေများ သဟဇာတဖြစ်စေခြင်းနှင့် ဥပဒေသစ် ပြဋ္ဌာန်းခြင်း

(၇၇) က။ နိုင်ငံတော်ရှိ မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေအားလုံးကို သဟဇာတဖြစ်စေရေးအတွက် ဤအမျိုးသားမြေအသုံးချမှုမူဝါဒကို လမ်းညွှန်အဖြစ်အသုံးပြု၍ အမျိုးသားမြေဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းရမည်၊

ခ။ အမျိုးသားမြေဥပဒေရေးဆွဲရာ၌ ဤအမျိုးသားမြေအသုံးချမှုမူဝါဒပါ အများပြည်သူ ပူးပေါင်းပါဝင် ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်ကို ကျင့်သုံးရမည်၊

ဂ။ အမျိုးသားမြေဥပဒေကို ရေးဆွဲရာတွင် ညှိနှိုင်းတိုင်ပင်သည့်လုပ်ငန်းစဉ်နှင့် အဓိက လုပ်ငန်းအဆင့်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(၁) အမျိုးသားမြေဥပဒေကို ရေးဆွဲအကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တို့ကိုအများပြည်သူ၊ သက်ဆိုင်ရာအစိုးရဌာန၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများနှင့် အကျိုးသက်ဆိုင်သူများအား အောက်ခြေအထိကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပွဲများ ကျင်းပအသိပေးခြင်းနှင့် အခြားသင့်လျော်သောနည်းလမ်းများဖြင့် အသိပေးခြင်း၊

(၂) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းရှိ အခြားနိုင်ငံများ၏ အတွေ့အကြုံများကိုလေ့လာ၍ နိုင်ငံတော်၏ ထူးခြားသောအခြေအနေများ၊ တွေ့ကြုံနေရသောပြဿနာများ၊ နိုင်ငံတော်အတွင်းရှိမြေနှင့် အခြားသဘာဝသယံဇာတများကို အသုံးပြုသူတို့၏ အကျိုးစီးပွားကိုအခြေပြုလျက် အမျိုးသားမြေဥပဒေ(မူကြမ်း)ကို ပြုစု၍ မီဒီယာများအပါအဝင် သက်ဆိုင်ရာအကျိုးသက်ဆိုင်သူများနှင့် အများပြည်သူတို့က သုံးသပ်အကြံပြုနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊

(၃) အမျိုးသားမြေဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲများကျင်းပရာတွင် အကျိုးသက်ဆိုင်သူအားလုံး ပါဝင်စေခြင်း၊

(၄) အမျိုးသားမြေဥပဒေ(မူကြမ်း)ကို အပြီးသတ်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြခြင်း၊

# PART (XI)
# MONITORING AND EVALUATION

(78) a. The National Land Use Council shall periodically conduct monitoring and evaluation on implementation of, and compliance with, the National Land Use Policy and related laws across the whole country.

b. The National Land Use Council shall issue and ensure government compliance with reporting procedures relating to land use management, land allocation and quality control of land use planning processes, implementation of and compliance with the National Land Use Policy and other matters.

c. The monitoring and evaluation report shall be prepared based on accurate and firm evidence from the government administrative organizations, expert organizations, farmers, civil society and other stakeholders.

d. When carrying out monitoring and evaluation:

(i) Assess and analyze whether implementation is in compliance with procedures relating to land acquisition, compensation, relocation, rehabilitation and restitution;

(ii) Assess and analyze whether there has been systematic adjudication of land use rights and registration claims;

(iii) Assess and analyze the location and underlying cause of claims for land use rights;

(iv) Assess and analyze whether the customary land use rights of ethnic nationality groups have been formally recognized and protected;

# အပိုင်း – ၁၁
# စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု

(၇၈) က။ နိုင်ငံတော်တစ်ဝန်းလုံးတွင် အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သော ဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့် လေးစားလိုက်နာခြင်းတို့ကိုအမျိုးသားမြေအသုံးချမှုကောင်စီက အချိန်ကာလအပိုင်းအခြားအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်မှုတို့ကိုဆောင်ရွက်ရမည်၊

ခ။ အမျိုးသားမြေအသုံးချမှုကောင်စီသည် မြေအသုံးချမှုစီမံခန့်ခွဲခြင်း၊ မြေခွဲဝေချထားခြင်းနှင့် မြေအသုံးချစီမံကိန်းလုပ်ငန်းစဉ်များ အရည်အသွေးကောင်းမွန်စေခြင်း၊ အမျိုးသားမြေအသုံးချမှုမူဝါဒ အကောင်အထည်ဖော်ခြင်းနှင့် လေးစားလိုက်နာခြင်းစသည်တို့နှင့်စပ်လျဉ်း၍ အစီရင်ခံမည့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ပြီး အစိုးရဌာနအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်စေရမည်၊

ဂ။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်မှုအစီရင်ခံစာကို အစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများတို့ထံမှ မှန်ကန်၍ခိုင်လုံသော သက်သေအထောက်အထားများကို အခြေခံ၍ ပြုစုရမည်၊

ဃ။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်မှုကိုဆောင်ရွက်ရာတွင်-

(၁) မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်အစားထိုးဖြည့်ဆည်းပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(၂) မြေမှတ်ပုံတင်ခြင်းနှင့် မြေအသုံးချမှုအခွင့်အရေးများ တောင်းဆိုခြင်းအပေါ် ဘက်လိုက်မှုကင်းသော ဖြေရှင်းမှုဖြင့် ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(၃) မြေအသုံးချမှုအခွင့်အရေး တောင်းဆိုမှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် နေရာကိုစိစစ်ရမည်၊

(၄) တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာမြေအသုံးချမှု အခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်း ရှိ မရှိ စိစစ်ရမည်၊

(v) Assess and analyze whether land allocation maps and records have been timely reviewed and accurately updated;

(vi) Assess and analyze whether there has been implementation of a bottom-up decentralized participatory land use planning process;

(vii) Assess and analyze whether the status of communication and cooperation between relevant ministries;

(viii) Assess and analyze whether environmental and social safeguards are being applied for impact assessment purposes, and to protect against illegal land confiscation;

(ix) Assess and analyze whether grants and leases of lands at the disposal of the government are in compliance with legal regulations and procedures;

(x) Assess and analyze whether the establishment of rates for land taxation, land transfer fees and stamp duties are fair and equitable, and whether there is good governance in the administration;

(xi) Assess and analyze whether a multi-stakeholders participatory process has been used, as indicated in the National Land Use Policy, for development and implementation of relevant laws, regulations, procedures and other requirements;

(xii) Assess and analyze whether the National Land Use Policy is periodically updated and revised to meet the needs of the public;

(xiii) Assess and analyze whether existing laws relating to land are harmonized based on the National Land Law and this National Land Use Policy;

(၅) မြေခွဲဝေချထားခြင်း မြေပုံများနှင့် မှတ်တမ်းများကို လက်ရှိအချိန်ထိပြည့်စုံပြီး တိကျမှန်ကန်စေရန် ပြုလုပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(၆) အများပြည်သူပါဝင်သော မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်များတည်ထောင်ခြင်းနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း ရှိ မရှိ စိစစ်ရမည်၊

(၇) သက်ဆိုင်ရာဝန်ကြီးဌာနများအကြားဆက်သွယ်မှု၊ ပူပေါင်းဆောင်ရွက်မှုအခြေအနေကိုစိစစ်ရမည်၊

(၈) မတရားသောနည်းလမ်းဖြင့် မြေသိမ်းယူမှုကို ကာကွယ်ရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာအကာအကွယ်များကို အကျိုးသက်ရောက်မှုဆန်းစစ်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းများတွင် အသုံးပြုခြင်း ရှိ မရှိ စိစစ်ရမည်၊

(၉) အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများကို လုပ်ပိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်းတို့ကိုဆောင်ရွက်ရာတွင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို လေးစားလိုက်နာခြင်း ရှိ မရှိ စိစစ်ရမည်၊

(၁၀) ညီညွတ်မျှတသောမြေနှင့်ဆက်စပ်သည့် အခွန်အခနှုန်းထားများ၊ မြေလွှဲပြောင်းခကောက်ခံသည့် နှုန်းထားများနှင့် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များကို သတ်မှတ်ခြင်းနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(၁၁) အမျိုးသားမြေအသုံးချမှု မူဝါဒအရ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အခြားလိုအပ်ချက်များကိုပြုစုပြီး အကောင်အထည်ဖော်ရာတွင် အကျိုးသက်ဆိုင်သူအားလုံးကို ပါဝင်ဆောင်ရွက်သည့်နည်းလမ်းကိုကျင့်သုံးခြင်း ရှိ မရှိ စိစစ်ရမည်၊

(၁၂) အများပြည်သူအကျိုးငှာ အမျိုးသားမြေအသုံးချမှုမူဝါဒကို သတ်မှတ်အချိန်ကာလအလျောက်ပြင်ဆင်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(၁၃) အမျိုးသားမြေဥပဒေနှင့် ဤအမျိုးသားမြေအသုံးချမှုမူဝါဒကိုအခြေခံ၍ မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများကို သဟဇာတဖြစ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(xiv) (xiv) Assess and analyze whether the performance of the land use committees at various levels is effective;

(xv) (xv) Assess and analyze whether women's land rights are properly recognized and women may participate in land use decision making processes.

e. The findings from monitoring and evaluation, assessments, and recommendations shall be annually reported to parliament, Union Government and relevant departments, and the public.

(၁၄) မြေအသုံးချမှု ကော်မတီအဆင့်ဆင့်၏ ဆောင်ရွက်ချက်များ ထိရောက်မှု ရှိ မရှိ စိစစ်ရမည်၊

(၁၅) အမျိုးသမီးများ၏ မြေလုပ်ပိုင်ခွင့်ကို တရားဝင်အသိအမှတ်ပြုခြင်းနှင့် မြေအသုံးချမှု ဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်သည့် လုပ်ငန်းစဉ်များတွင်အမျိုးသမီးများပါဝင် ဆောင်ရွက်ခွင့် ရှိ မရှိ စိစစ်ရမည်၊

င။ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှုတွေ့ရှိချက်များ၊ စိစစ်ချက်နှင့် အကြံပြုချက်များကို လွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအစိုးရဌာနများသို့ နှစ်စဉ်တင်ပြပြီး ပြည်သူလူထုအားအသိပေးရမည်။

# Part (XII)
# Research and Developmentt

(79) In order to improve the public understanding of land use rights, strengthen implementation of the National Land Use Policy, and increase protection of citizens' land tenure rights, there shall be effective cooperation between international experts and local communities, implementation of pilot activities as indicated in the National Land Use Policy, and enactment of the National Land Law.

(80) The following priorities shall be carried out when implementing research initiatives, capacity building activities, educational programs and pilot projects:

a. Analyze and assess current land use records, and impacts of different types of land use;
b. Pilot procedures for participatory land use planning and zoning in order to determine the best methodologies;
c. Determine the best methods for protection of land tenure rights of vulnerable groups, including smallholder farmers, ethnic nationalities and women;
d. Determine the best methods for updating and approving land use records and maps in a timely manner;
e. Determine the best dispute resolution mechanisms for resolving different types of historic and recent land disputes, and develop methods and procedures for effective implementation;
f. Determining the best methods for monitoring land valuations based on accurate land transfer information and market trends;

# အပိုင်း – ၁၂
# သုတေသနပြုခြင်းနှင့်ဖွံ့ဖြိုးတိုးတက်စေခြင်း

(၇၉) အများပြည်သူတို့ မြေအသုံးချမှုအခွင့်အရေးကို ကောင်းစွာသိရှိနားလည်စေရေး၊ အမျိုးသားမြေအသုံးချမှုမူဝါဒကျင့်သုံးမှု အားကောင်းလာစေရေးနှင့် အများပြည်သူတို့၏ မြေလုပ်ပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဒေသခံများ ထိရောက်စွာပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသားမြေဥပဒေပြဋ္ဌာန်းခြင်းနှင့် ဤမူဝါဒပါချမှတ်ထားသောဆောင်ရွက်ချက်များကို စမ်းသပ်အကောင်အထည်ဖော်ခြင်းတို့ပြုရမည်။

(၈၀) သုတေသနပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ရှေ့ပြေးစီမံချက်များအတွက် ဦးစားပေးဆောင်ရွက်ရမည့်အချက်များတွင် အောက်ပါတို့ပါဝင်ရမည်-

- က။ အမှန်မြေအသုံးချမှုစာရင်းကို အသေးစိတ်စိစစ်ခြင်း၊ မြေအမျိုးမျိုးအသုံးချမှုနှင့် ထိုသို့အသုံးချသည့်အတွက် အကျိုးသက်ရောက်မှု၊
- ခ။ အဆိုပြုထားသည့် အများပြည်သူပူးပေါင်းပါဝင်သော မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်းနှင့် ဇုန်သတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အကောင်းဆုံး အကောင်အထည်ဖော်နိုင်မှု၊
- ဂ။ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် အမျိုးသမီးများအပါအဝင် အကျိုးထိခိုက်လွယ်သူများ၏ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများကို ကာကွယ်ရန်အကောင်းဆုံးနည်းလမ်းများ၊
- ဃ။ မြေအသုံးချမှုမှတ်တမ်းများနှင့် မြေပုံများကို အတည်ပြုနိုင်ရန်အချိန်နှင့် တစ်ပြေးညီ ပြင်ဆင်နိုင်သော အကောင်းဆုံးနည်းလမ်းများ၊
- င။ မြေနှင့်သက်ဆိုင်သည့် ယခင်နှင့် လက်ရှိဖြစ်ပေါ် နေသော အငြင်းပွားမှုအမျိုးမျိုးအတွက် အကောင်းဆုံးဖြေရှင်းရေးလုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့် ထိရောက်သောနည်းလမ်းများ၊
- စ။ တိကျသည့်မြေလွှဲပြောင်းမှုကို အခြေခံသည့် ဒေသအလိုက် မြေအမျိုးမျိုးအတွက် ဈေးကွက်တန်ဖိုးအချက်အလက်များနှင့် ဈေးကွက်ဦးတည်ချက်များ၊

g. Determine the best land use management methodologies in order to promote sustainable land use for different types of land in various locations;

h. Determine the best methods for the construction of housing estates, and related infrastructure, for resettlement of existing residents and land users in urban areas, including their livelihood development, with the involvement of financial support from the private sector;

i. Determine the best procedures for accurately updating, revising, correcting and approving existing land use records and maps for forest land, agricultural land, customary tenure land, vacant land, fallow land, virgin land, urban land, rural land and other lands;

j. Determine appropriate procedures for the formal recognition and protection of customary tenure rights that have not been recorded, and best methods for appropriately utilizing customary law;

k. Determine appropriate land use practices based on soil types, land availability, and other physical and social information;

l. Pilot application of appropriate information technology as necessary to facilitate public participation in the development of land use maps, analyzing and approving of existing legitimate land use rights, and providing easy access to accurate and updated land information for local communities;

m. Research and pilot alternative land use practices other than those indicated in the National Land Use Policy;

n. Conduct research on best procedures for restitution of rights to land and housing of individuals, households and communities that had to abandon the area where they previously resided due to illegal land confiscation, civil war, natural disasters or other causes;

ဆ။ ဒေသအမျိုးမျိုးတွင် မြေအမျိုးမျိုးကို စဉ်ဆက်မပြက်အသုံးချရေးအတွက် စီမံဆောင်ရွက်ရန် အကောင်းဆုံးနည်းလမ်းများ၊

ဇ။ လက်ရှိမြေအသုံးချသူများနှင့် နေထိုင်သူများသည် မြို့ကြီးများနှင့်မြို့များသို့ပြောင်းရွှေ့နေထိုင်မှုအတွက် မြို့ပြဒေသများတွင်လည်းကောင်း၊ လက်ရှိအိမ်ရာများနှင့် အနီးအနားတွင်လည်းကောင်း နေရာချထားပေးနိုင်ရေးအတွက် ပုဂ္ဂလိကပိုင်ငွေဖြင့် အိမ်ရာများ၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်းနှင့် စားဝတ်နေရေး အထောက်အပံ့ပေးသည့် အကောင်းဆုံးနည်းလမ်းများ၊

ဈ။ သစ်တောမြေ၊ စိုက်ပျိုးမြေ၊ ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်ရမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ မြို့မြေ၊ ရွာမြေများနှင့် အခြားမြေများအတွက် လက်ရှိမြေအသုံးချမှု မှတ်တမ်းနှင့် မြေပုံများကိုအတည်ပြုခြင်းနှင့် လက်ရှိအချိန်အထိ ပြည့်စုံပြီး မှန်ကန်တိကျစေရန် ပြင်ဆင်ခြင်းအတွက် အကောင်းဆုံးနည်းလမ်းများ၊

ည။ ဓလေ့ထုံးတမ်းအရမြေအသုံးချမှု သို့မဟုတ် မှတ်တမ်းတင်ထားခြင်းမရှိသော မြေအသုံးချမှုတောင်းဆိုချက်များကို တရားဝင်အသိအမှတ်ပြုရန် ဓလေ့ထုံးတမ်းဥပဒေကို သင့်လျော်စွာကျင့်သုံးခြင်း၊

ဋ။ မြေဆီလွှာအမျိုးအစား၊ မြေတည်ရှိမှု၊ အခြားမြေရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ သတင်းအချက်အလက်များကိုအခြေခံ၍ သင့်လျော်သော မြေအသုံးချနိုင်သည့်နည်းလမ်းများကိုရွေးချယ်ကျင့်သုံးခြင်း၊

ဌ။ အများပါဝင်၍ မြေအသုံးချမှုမြေပုံရေးဆွဲခြင်း၊ လက်ရှိမြေအသုံးချမှု အခွင့်အရေးများကို စိစစ်အတည်ပြုခြင်း၊ အများပြည်သူက မိမိတို့နေထိုင်ရာအနီးတွင်မြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်အမှန်များကို ရယူအသုံးပြုနိုင်ရေးအတွက် လွယ်ကူချောမွေ့စေသော သတင်းအချက်အလက်နည်းပညာများကို လိုအပ်သလို အသုံးပြုခြင်း၊

ဍ။ အမျိုးသားမြေအသုံးချမှုမူဝါဒပါ သုတေသနပြုခြင်းနှင့် စမ်းသပ်ဆောင်ရွက်ခြင်းနည်းလမ်းများအပြင် အခြားသင့်လျော်သော မြေအသုံးချမှုနည်းလမ်းဖြင့်ဆောင်ရွက်ခြင်း၊

ပ။ မတရားသိမ်းဆည်းခံရခြင်းကြောင့်ဖြစ်စေ၊ စစ်ဘေးစစ်ဒဏ်ကြောင်းဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိနေထိုင်လုပ်ကိုင်သောမြေကို စွန့်ခွါသွားရသူများ၏ မြေလုပ်ပိုင်ခွင့်နှင့် နေထိုင်ခွင့်များ ပြန်လည်အစားထိုး ဖြည့်ဆည်းပေးနိုင်သည့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကို သုတေသနပြုခြင်း၊

o. Conduct research on land use change in order to understand impacts on citizen's land tenure rights and livelihoods, national food security, national economic development, social wellbeing and environment benefits in the country;

p. Conduct research on collection and use of land tax;

q. Conduct research on best ways to address landlessness.

(81) When developing project proposals for research, capacity building, education and pilots, participation of local civil society and experts shall be allowed.

(82) Encourage and support individuals and organizations to conduct independent research initiatives, capacity building activities, educational programs and pilot projects.

(83) Research findings and results shall be incorporated when reviewing, revising and approving new or existing National Land Use Policy, National Land Law, and other related polices, laws, regulations and procedures.

ဏ။ နိုင်ငံသားများ၏ မြေလုပ်ပိုင်ခွင့်နှင့် စားဝတ်နေရေး၊ အမျိုးသား စားနပ်ရိက္ခာဖူလုံရေး၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးအာမခံချက်နှင့် ပတ်ဝန်းကျင်အကျိုးအမြတ်အပေါ် သက်ရောက်မှုတို့ကိုသိရှိနိုင်ရန် မြေအသုံးချမှု ပြောင်းလဲမှုကို သုတေသနပြုဆောင်ရွက်ခြင်း၊

တ။ မြေနှင့်ဆက်စပ်သည့် အခွန်အခများ စည်းကြပ်ကောက်ခံခြင်းနှင့် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ သုတေသနပြုဆောင်ရွက်ခြင်း၊

ထ။ မြေမဲ့ယာမဲ့များအား နေရာချထားနိုင်ရန် အကောင်းဆုံးနည်းလမ်းများကို သုတေသနပြုဆောင်ရွက်ခြင်း၊

(၈၁) သုတေသနပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ရှေ့ပြေးစီမံချက်များဆောင်ရွက်ရန်အတွက် စီမံကိန်းအဆိုပြုရာတွင် သက်ဆိုင်ရာဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများကို အဆင့်တိုင်းတွင်ပါဝင်ခွင့်ပြုရမည်၊

(၈၂) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သုတေသနပြုခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ရှေ့ပြေးစီမံချက်များအတွက် ဦးစားပေးဆောင်ရွက်ရမည့် အချက်များကို လွတ်လပ်စွာဆောင်ရွက်နိုင်ရန် အားပေးကူညီရမည်။

(၈၃) သုတေသနတွေ့ရှိချက်ရလဒ်များနှင့် အမျိုးသားမြေအသုံးချမှုမူဝါဒ၊ အမျိုးသားမြေဥပဒေနှင့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆက်စပ်ဥပဒေများကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အသစ်ပြဋ္ဌာန်းရေးဆွဲခြင်းများတွင် ထည့်သွင်းစဉ်းစားအသုံးပြုရမည်။

# PART (XIII)
## MISCELLANEOUS

(84) Based on evidence and results of research on land use management and administration, and recommendations of stakeholders recorded during transparent and inclusive public consultation processes, this National Land Use Policy will be reviewed, updated and revised at least every five years as necessary.

# အပိုင်း – ၁၃
# အထွေထွေ

(၈၄) ဤမူဝါဒကို မြေအသုံးချမှုစီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ သက်သေခံချက်များအပေါ် အခြေပြုသည့် သုတေသနရလဒ်နှင့် အကျိုးသက်ဆိုင်သူများ၏ ပွင့်လင်းမြင်သာပြီး အများပြည်သူပါဝင်သော ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်များမှ တင်ပြချက်များကိုထင်ဟပ်စေရန် ပြောင်းလဲလျက်ရှိသော နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေလိုအပ်ချက်များအရ အနည်းဆုံးငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ရမည်၊